# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ ဧပြီလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၈၄)၊ ၁၃၈၇ ခုနှစ် ၊ နယုန်လဆန်း ၁၄ ရက် ၊ ၉-၆-၂၀၂၅၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

**မြန်မာ - တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနားကျင်းပ**

## နှစ်နိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွားအတွက် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေရေး တရုတ်နိုင်ငံနှင့်အတူ အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမည်

နေပြည်တော် ဇွန် ၈

မြန်မာ - တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်မှု (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့်

စာမျက်နှာ ၃ သို့ ❖

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၈

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ ဇွန် ၉ ရက်၊ တနင်္လာနေ့။
မန္တလေး

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်ရန် စီမံဆောင်ရွက်ရာတွင် စားရေရိက္ခာဖူလုံရေးသာမက မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအတွက် အထောက်အပံ့ဖြစ်စေရန် လယ်ယာကုန်ထုတ်လုပ်ငန်းများမှ ပြည်တွင်း၊ ပြည်ပ ဝင်ငွေတိုးတက်ရှာဖွေပေးနိုင်ရေး ကြိုးပမ်းကြရန်လိုအပ်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဇွန် ၆ ရက် နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးရုံး၌ကျင်းပသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲတွင် ပြောကြားသည်။

စိုက်ပျိုးရေးလုပ်ငန်းများ၌ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ သီးထပ်စွမ်းအားတိုးမြှင့်ခြင်း၊ စိုက်ဧက တိုးချဲ့ခြင်းဟူသည့် နည်းလမ်း ၃ သွယ်ဖြင့် အထွက်နှုန်းတိုးမြှင့်အောင် ဆောင်ရွက်သွားရမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် စိုက်ပျိုးရေးလုပ်ငန်းများအနေဖြင့် ဒေသအလိုက် လျာထားကေပြည့် စိုက်ပျိုးရန်နှင့်စိုက်ဧရိယာအားလုံး ပန်းတိုင်အထွက်ရရှိရေး စနစ်တကျကြပ်မတ်ဆောင်ရွက်ရမည် ဖြစ်သကဲ့သို့ မွေးမြူရေးကဏ္ဍတွင်လည်း သတ်မှတ်တိရစ္ဆာန်ကောင်ရေ အပြည့်အဝမွေးမြူလုပ်ကိုင်ရေးနှင့် ဖြစ်ထွန်းအောင်မြင်မှုရှိအောင် စီမံဆောင်ရွက်ပြီး ဒေသအလိုက် အသားစားသုံးမှု လိုအပ်ချက်နှင့်အညီ ထုတ်လုပ်နိုင်ရေး အားသွန်ခွန်စိုက်ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ အလားတူ ငါးလုပ်ငန်းတွင်လည်း ပြည်ပပို့ကုန်များ တိုးတက်ထုတ်လုပ်ပြီး နိုင်ငံ့ဝင်ငွေတိုးတက်ရှာဖွေနိုင်ရေး လမ်းညွှန်မှုပြုထားပါကြောင်း။

အဆိုပါလုပ်ငန်းများ အောင်မြင်ရေးအတွက် တောင်သူကိုယ်တိုင် အပြည့်အဝပူးပေါင်းဆောင်ရွက်လာကြစေရန် လိုအပ်သဖြင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက အုပ်ချုပ်ရေးနည်းလမ်း၊ စည်းရုံးရေးနည်းလမ်းများဖြင့် ထိရောက်စွာဆောင်ရွက်နိုင်ရန် ယခုဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ဆွေးနွေးချက်များအပေါ် ဝိုင်းဝန်းသုံးသပ်၍ လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ်ပြီး သီးနှံစတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းသိုလှောင်သည်အထိ အောင်မြင်စွာဆောင်ရွက်နိုင်ရေးနှင့် မျိုး၊ မြေ၊ ရေ၊ နည်း ပြည့်စုံမှန်ကန်စွာ ဆောင်ရွက်နိုင်ကြစေရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

နေပြည်တော်နှင့် တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့ဝင် လယ်ယာကဏ္ဍဆိုင်ရာဝန်ကြီးများနှင့် တာဝန်ရှိသူများက ဒေသအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လျာထားချက်နှင့်အညီ အောင်မြင်စွာဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီးများက လုပ်ငန်းရပ်တစ်ခုချင်းအပေါ် သုံးသပ်ဆွေးနွေးသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်တွင် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ဟူသော စီးပွားရေးဦးတည်ချက်တစ်ရပ်လည်း ပါဝင်ကြောင်း ရေးသားလိုက်ရပေသည်။

# ပြည်ကြီးတံခွန်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ အခမဲ့ ဆောင်ရွက်ပေး



**မန္တလေး ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ ၁၁၃လမ်း၊ ၆၅(ဘီ)လမ်းနှင့် ၆၅(စီ)လမ်းကြား၊ အောင်တံခွန်မွေ့ရုံ၌ ရပ်ကွက်နေ ပြည်သူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ကြီးတံခွန်မြို့နယ် လဝကဦးစီးမှူး ဦးအောင်သွင်နှင့် ဝန်ထမ်းများက ပန်းခင်းအဆင့်-၃ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်း၍ အခမဲ့ ပြုလုပ်ခြင်းကို ယနေ့နံနက် ၉ နာရီခွဲက ဆောင်ရွက်ကြသည်။

အဆိုပါဆောင်ရွက်ရာသို့ မဟာအောင်မြေခရိုင် လဝကဦးစီးမှူး ဦးဟိန်းကျော်အောင် လာရောက်စစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်များကို ကွင်းဆင်း၍ အခမဲ့ဆောင်ရွက်ခြင်းအား ညနေပိုင်းအထိ ဆောင်ရွက်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)(ဝ၅၃)**

# မန္တလေးဆိပ်ကမ်း ဧရာဝတီမြစ်ရေမှာ စိုးရိမ်ရေမှတ်ရောက်ရှိရန် ၂၁၉ စင်တီမီတာ (၇ ပေခန့်)သာလို



**မန္တလေး ဇွန် ၈**

မန္တလေးဆိပ်ကမ်း၊ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ် ၁၂၆၀ စင်တီမီတာဖြစ်ရာ ဇွန် ၈ ရက် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ၁၀၄၁ စင်တီမီတာဖြစ်ရာ စိုးရိမ်ရေမှတ်ရောက်ရှိရန် ၂၁၉ စင်တီမီတာ(၇ပေခန့်) အလိုသို့ ရောက်ရှိနေကြောင်း ဟုမိုး၊ ဇလထုတ်ပြန်ချက်များအရ သိရသည်။

ဧရာဝတီမြစ်အထက်ပိုင်း မြစ်ကြီးနားတွင် ဇွန် ၂ ရက်က စိုးရိမ်ရေမှတ်ထိ ရောက်ရှိခဲ့ရာမှ နှစ်ဆခန့် ပြန်လည် ကျဆင်းသွားသော မြစ်ရေများသည် အောက်ဘက်သို့ စီးဆင်းလာရာ ဆိပ်ကမ်းအသီးသီး၌ မြစ်ရေများ မြင့်တက်လာခဲ့ကြောင်း မိုး၊ ဇလ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မေလ တတိယပတ်အတွင်း မန္တလေးဆိပ်ကမ်းမြစ်ရေက ၃၇၀ စင်တီမီတာနဲ့ ၄၅၀ စင်တီမီတာဝန်းကျင်မှာ ကျလိုက်၊ တက်လိုက်နဲ့၊ မေလ နောက်ဆုံးအပတ်ကစပြီး မြစ်ရေတက်လာတယ်၊ ဒီနေ့မှာ စင်တီမီတာ ၁၀၀၀ အထက် ရောက်လာပြီ၊ နောက်ရက်မှာ ၆၅ စင်တီမီတာ (၂ ပေခန့်)လောက် လက်ရှိရေမှတ်ထက် တိုးလာနိုင်တယ်" ဟု ၄င်းက ပြောသည်။

မန္တလေးဆိပ်ကမ်းမြစ်ရေ မှတ်တမ်းများအရ မေ ၂၈ ရက်တွင် ၄၅၇ စင်တီမီတာ၊ ၃၁ ရက်တွင် ၅၆၁ စင်တီမီတာ၊ ဇွန် ၁ ရက်တွင် ၆၅၀ စင်တီမီတာ၊ ၇ ရက်တွင် ၉၇၆ စင်တီမီတာဖြစ်ပြီး ၈ ရက်နေ့ မွန်းတည့် ၁၂ နာရီခွဲတွင် ၁၀၄၁ စင်တီမီတာသို့ရောက်ရှိလာသဖြင့် မန္တလေးဆိပ်ကမ်းစိုးရိမ်ရေမှတ် ရောက်ရှိရန် ၂၁၉ စင်တီမီတာ(၇ ပေခန့်)သာလိုတော့ကြောင်း သိရသည်။

၂၀၂၅ မှာ မုတ်သုံရာသီဝင်ရောက်မှုမှာ မေ ၁၃ ရက်တွင် မြန်မာနိုင်ငံ တောင်ပိုင်း၊ မေ ၁၇ ရက်တွင် မြစ်ဝကျွန်းပေါ်၊ ၂၁ ရက်တွင် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် ၂၅ ရက်တွင် တစ်နိုင်ငံလုံးသို့ မုတ်သုံဝင်ရောက်ခဲ့ရာ ပုံမှန်ရာသီထက် ၁၀ ရက်ခန့် စောစွာဝင်ရောက်ခဲ့သဖြင့် မိုးဦးမိုးကြိုကာလစောခဲ့ပြီး မိုးရေချိန်မှာလည်း ယခင်နှစ်ထက် များခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**


**(မန္တလေးနေ့စဉ်-၉)**

# ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မေလအတွင်း ပြည်ပသို့ ဆန်၊ ဆန်ကွဲ တန်ချိန် နှစ်သိန်းခွဲကျော် တင်ပို့နိုင်ခဲ့

**မန္တလေး ဇွန် ၈**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မေလအတွင်း ပြည်ပသို့ ဆန်၊ ဆန်ကွဲ တင်ပို့ရာတွင် တန်ချိန် ၂၅၉၅၀၁ ဒသမ ၃ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုနှင့် နယ်စပ်ကုန်သွယ်မှုမှ တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ စာရင်းများအရ သိရသည်။ **(ယာပုံ)**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် နှစ်သန်းခွဲလျာထားပြီး၊ ဘဏ္ဍာနှစ်ကုန်ဆုံးချိန် မတ် ၃၁ ရက်အထိ လျာထားချက်၏ ၉၉ ရာခိုင်နှုန်းဖြစ်သော တန်ချိန် ၂ ဒသမ ၄၈၇ သန်းကို တင်ပို့နိုင်ခဲ့ပြီး ယခုဘဏ္ဍာနှစ် ပထမဧပြီတွင် ဆန်တန်ချိန် ၆၉၁၉၄ တန်၊ ဆန်ကွဲ ၇၃၅၉၄ တန်၊ မေတွင် ဆန်တန်ချိန် ၁၄၇၈၈၂ ဒသမ ၃ တန်၊ ဆန်ကွဲတန်ချိန် ၁၁၁၆၁၉ တန် ပင်လယ်ရေကြောင်းမှ ဆန်၊ ဆန်ကွဲတန်ချိန် ၂၅၉၂၂၁ ဒသမ ၃ တန်၊ နယ်စပ် ကုန်သွယ်ရေးမှ ဆန်၊ ဆန်ကွဲ တန်ချိန် ၂၈၀ တင်ပို့နိုင်ခဲ့ကြောင်း MRF က ထုတ်ပြန်ထားသည်။




မေတွင် ဆန်တင်ပို့မှု ကုမ္ပဏီ ၆၀ ခုမှ နိုင်ငံပေါင်း ၂၅နိုင်ငံသို့ တင်ပို့ခဲ့ပြီး ဆန် တန်ချိန်အများဆုံးကို ဖိလစ်ပိုင်နိုင်ငံ၊ ဒုတိယအများဆုံးကို တရုတ်နိုင်ငံကလည်းကောင်း၊ တတိယအများဆုံးမှာ စပိန်နိုင်ငံတို့ ဖြစ်သည်။

ဆန်ကွဲကို နိုင်ငံ ၁၀ နိုင်ငံသို့ တင်ပို့ခဲ့ရာ ဘယ်လ်ဂျီယံနိုင်ငံက ပထမအများဆုံး၊ တရုတ်နိုင်ငံက ဒုတိယအများဆုံးနှင့် တတိယအများဆုံးမှာ အင်ဒိုနီးရှား နိုင်ငံတို့က အသီးသီး ဝယ်ယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ - တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❐ **မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းများ အကောင်အထည်ဖော်သည့်နေရာတွင် အရေးပါသည့် ပထဝီဝင်အနေအထားတွင်ရှိနေ၊ ထို့ကြောင့် အဆိုပါစီမံကိန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်ခြင်းအားဖြင့် နှစ်နိုင်ငံပြည်သူများ အတူတကွ စဉ်ဆက်မပြတ် သာယာဝပြော ဖွံ့ဖြိုးတိုးတက်နိုင်စေမည့် အခွင့်အလမ်းပေါင်းများစွာ ရရှိစေနိုင်လိမ့်မည်ဟု ယုံကြည်၊ တရုတ် - မြန်မာ စီးပွားရေး စင်္ကြံလမ်းကြောင်း တစ်လျှောက်တွင်ရှိသည့် မဟာဗျူဟာကျသော စီမံကိန်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းမှာကြားလို၊ တရုတ်နိုင်ငံ၏ မိမိတို့နိုင်ငံအပေါ်တွင် စဉ်ဆက်မပြတ် အပြုသဘောဆောင်သည့် ထိတွေ့ဆောင်ရွက်မှု၊ စိတ်ကောင်းစေတနာဖြင့် အားပေးထောက်ခံမှုများအတွက်လည်း များစွာတန်ဖိုးထားကျေးဇူးတင်ရှိသည်ကို ပြောကြားလို၊ မြန်မာနိုင်ငံအရေးကိစ္စနှင့် ပတ်သက်၍ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် ရပ်တည်ထောက်ခံပေးလျက်ရှိသည့်အတွက်လည်း ကျေးဇူးတင်ရှိ**

❖ *ရှေ့ဖုံးမှ*

နိုင်ငံတကာလေ့လာရေးအဖွဲ့၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့မှ သံတမန်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

### အနာဂတ်အတွက် တူညီသည့်သန္နိဋ္ဌာန်ရှိနေ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့သည် မြန်မာ-တရုတ် နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံရေးသမိုင်းတွင် အဓိပ္ပာယ်ပြည့်ဝပြီး ဂုဏ်ယူစရာကောင်းသည့် အခါသမယဖြစ်သကဲ့သို့ သမိုင်းတစ်လျှောက် ကာလကြာမြင့်စွာ တည်တံ့ခိုင်မြဲခဲ့သည့် ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားယုံကြည်မှု၊ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုများနှင့် အနာဂတ်အတွက် တူညီသည့်သန္နိဋ္ဌာန်ရှိနေကြသည်ကိုလည်း ဖော်ညွှန်းပြသသည့် အခမ်းအနားဖြစ်ကြောင်း။

မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးသမိုင်းကြောင်းကို ပြန်ကြည့်ပါက လွန်ခဲ့သည့် နှစ်ပေါင်း ၁၄၀၀ ကျော် အေဒီ (၇)ရာစုနှစ် မြန်မာနိုင်ငံက ပျူမင်းဆက်များနဲ့ တရုတ်နိုင်ငံ တန်မင်းဆက်မှစ၍ ခေတ်အဆက်ဆက် ကုန်သွယ်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ သံတမန်ရေးဆက်ဆံမှု သမိုင်းအထောက်အထားများစွာ တွေ့ရမည်ဖြစ်ကြောင်း၊ သံတမန်ရေးဆက်ဆံမှုအနေဖြင့် အေဒီ (၁၁) ရာစု ပုဂံခေတ်မှာ မြန်မာသံတမန်ရှင်ဒိသာပါမောက် တရုတ်နိုင်ငံကို သံခင်းတမန်ခင်း သွားရောက်ခဲ့သည့် သမိုင်းမှတ်တမ်းသည် မျက်မှောက်ခေတ် နှစ်နိုင်ငံ စွဲစွဲမြဲမြဲကျင့်သုံးနေသည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူဝါဒ၏ အခြေခံအုတ်မြစ်ဟု ဆိုနိုင်ကြောင်း။

### ပထမဆုံးအသိအမှတ်ပြုခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်

ခေတ်သစ်နှစ်နိုင်ငံ ဆက်ဆံရေးသမိုင်းတွင် မြန်မာနိုင်ငံသည် ၁၉၄၉ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်ထူထောင်ချိန်၌ ပထမဆုံးအသိအမှတ်ပြုခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ကြောင်း၊ ၎င်းနောက် ၁၉၅၀ ပြည့်နှစ် ဇွန်လ ၈ ရက်နေ့တွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ခြင်းကြောင့် ယနေ့ဆိုပါက စိန်ရတုကာလကို ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် ၁၉၅၀ ပြည့်နှစ်မှစတင်ပြီး ခေတ်အဆက်ဆက် နှစ်နိုင်ငံခေါင်းဆောင်များ၏ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များသည် နှစ်နိုင်ငံဆက်ဆံရေးကို တစ်စထက်တစ်စ ပိုမိုတိုးတက်ခိုင်မာစေခဲ့ကြောင်း။

### စံနမူနာတစ်ခုဖြစ်စေခဲ့

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား သမိုင်းကြောင်းကိုအခြေခံပြီး ၁၉၅၄ ခုနှစ်က ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်ကို စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းသည် မျက်မှောက်ခေတ် နိုင်ငံတကာဆက်ဆံရေးသမိုင်းတွင် စံနမူနာတစ်ခုဖြစ်စေခဲ့ကြောင်း၊ ၁၉၅၅ ခုနှစ် ဘန်ဒေါင်း ညီလာခံမှစတင်၍ မျက်မှောက်ခေတ်ကာလအထိ ကမ္ဘာ့ဖွံ့ဖြိုးဆဲ နိုင်ငံအများအပြားက ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ချက်ကို လက်ခံကျင့်သုံးနေကြသည်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ် တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် တရုတ်တစ်နိုင်ငံတည်းမူဝါဒကိုအခြေခံကျသည့် မူဝါဒအဖြစ် ခိုင်ခိုင်မာမာ ကျင့်သုံးလျက်ရှိကြောင်း၊ ထို့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ၁၉၇၁ ခုနှစ်က ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက်လည်း အပြည့်အဝထောက်ခံပေးခဲ့ကြောင်း၊ ရှေ့ဆက်၍လည်း နှစ်နိုင်ငံ မိတ်ဖက်ဆက်ဆံရေးကို ပိုမိုခိုင်မာစေရန်နှင့် ဒေသတည်ငြိမ်အေးချမ်းရေးကို အထောက်အကူဖြစ်စေရန်အတွက် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်သည်ကို ထပ်လောင်းအတည်ပြုပြောကြားလိုကြောင်း။

### မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုထောက်ခံ

မျက်မှောက်ကာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတကြီး ရှီကျင့်ဖျင်၏ ကမ္ဘာလုံးဆိုင်ရာ သဘောတရားများဖြစ်သည့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးသဘောထား၊ ကမ္ဘာလုံးဆိုင်ရာ လူသားယဉ်ကျေးမှုသဘောထား၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးသဘောထား၊ ကမ္ဘာလုံးဆိုင်ရာ ဉာဏ်ရည်တုသဘောထားများသည် အနာဂတ်ကမ္ဘာ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး စသည်များကို ပိုမိုမြှင့်တင်နိုင်မည်ဟု ရှုမြင်ရသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုထောက်ခံသည်ကို ပြောကြားလိုပါကြောင်း။

မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးကို ပြည်သူများအကြား အပြန်အလှန်ဖလှယ်မှုများနှင့် ကဏ္ဍစုံတွင် အနီးကပ် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ၂၀၁၁ ခုနှစ်တွင် **“ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး”** အဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ကြောင်း။

နှစ်နိုင်ငံဆက်ဆံရေးသမိုင်းတစ်လျှောက် သိသာထင်ရှားသည့် ဖြစ်ပေါ်တိုးတက်မှုများထဲမှ တစ်ခုမှာ ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံကို လာရောက်ခဲ့သည့် သမ္မတကြီး မစ္စတာရှီကျင့်ဖျင်၏ သမိုင်းဝင်ခရီးစဉ်ဖြစ်ကြောင်း၊ အဆိုပါခရီးစဉ်အတွင်း မြန်မာ-တရုတ် အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရန် သဘောတူညီခဲ့ကြကြောင်း၊ လက်ရှိအချိန်တွင် အဆိုပါသဘောတူညီချက်မှ နှစ်နိုင်ငံနှင့် ပြည်သူတွေအကျိုးအတွက် ခိုင်မာသည့် တိုးတက်ဖြစ်ထွန်းမှုများကို ဆောင်ကြဉ်းပေးလျက်ရှိနေပြီကို အားလုံးအသိပင်ဖြစ်ကြောင်း။

အခွင့်ကြုံခိုက် ယခုကဲ့သို့သမိုင်းဝင်အခါသမယတွင် မိမိတို့နှစ်နိုင်ငံ၏ ဘုံရည်မှန်းချက်များ ပိုမိုတိုးတက်ဖြစ်ထွန်းလာစေရန်အတွက် တရုတ်နိုင်ငံနှင့်အတူ လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ထပ်လောင်းအတည်ပြုပြောကြားလိုကြောင်း၊ *စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ ယဉ်ကျေးမှုအကအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။

❖ မန္တလေး ငလျင်ကြီးကြောင့် ပျက်စီး ဆုံးရှုံးခဲ့မှုများတွင် ပြန်လည်ထူထောင်ရေးအတွက် အထောက်အကူ ပြုနိုင်ရန် တရုတ်ယွမ် (၁ ဒသမ ၁) ဘီလီယံ တန်ဖိုးရှိ အရေးပေါ်လူသား ချင်းစာနာထောက်ထားမှု အကူအညီများကို ပေးအပ်ခဲ့

❖ အခက်အခဲဆုံးအချိန်တွင် ရရှိခဲ့သည့် ပထမဦးဆုံး ပြည်ပအကူအညီဖြစ်သည့် တရုတ်နိုင်ငံ၏ အချိန်မီပံ့ပိုးကူညီမှုများသည် မိမိတို့အစိုးရနှင့် ပြည်သူများအတွက် များစွာ ထိရောက်မှုရှိပြီး ခွန်အား ဖြစ်စေ

*စာမျက်နှာ ၃ မှ*

ထို့အပြင် နှစ်နိုင်ငံပြည်သူများအတွက် ရေရှည်တည်တံ့သည့် ဘုံအကျိုးစီးပွားနှင့် ဒေသတွင်း တည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ-တရုတ် အနာဂတ်အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်မှုနှင့် သာယာဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကိုမြှင့်တင်နိုင်ရေးတို့ကို ဆက်လက်ကြိုးပမ်းအားထုတ်သွားမည်ဖြစ်သည်ကို ပြောကြားလိုကြောင်း။

### အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့

မိမိအနေဖြင့် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ် မေလအတွင်း ရုရှားနိုင်ငံ မော်စကိုမြို့တွင် ကျင်းပခဲ့သည့် မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနှစ် (၈၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို တက်ရောက်ခဲ့စဉ်ကာလအတွင်း တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ အဆိုပါတွေ့ဆုံမှုတွင် စစ်မှန်သည့် မိတ်ဖက်ဆက်ဆံရေး၊ အပြန်အလှန်ယုံကြည်မှုနှင့် ရှိရင်းစွဲဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီး နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်ရေး၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်မှုအရှိန်အဟုန်ကို မြှင့်တင်ရေးနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်နှင့် ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့ကြောင်း။

ထို့ပြင် ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်းက တရုတ်နိုင်ငံ၊ ကူမင်းမြို့တွင် ကျင်းပခဲ့သည့်(၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး တက်ရောက်ခဲ့စဉ်ကလည်း မိမိအနေဖြင့် တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာလီချန်းနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးခဲ့ပြီး ရလဒ်ကောင်းများ ရရှိခဲ့ကြောင်း။

### အရေးပါသည့်ပထဝီဝင်အနေအထားတွင် ရှိနေ

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းနှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ စီမံကိန်းများ အကောင်အထည်ဖော်သည့်နေရာတွင် အရေးပါသည့် ပထဝီဝင်အနေအထားတွင် ရှိနေကြောင်း၊ ထို့ကြောင့် အဆိုပါစီမံကိန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်ခြင်းအားဖြင့် နှစ်နိုင်ငံပြည်သူများ အတူတကွ စဉ်ဆက်မပြတ် သာယာဝပြောဖွံ့ဖြိုးတိုးတက်နိုင်စေမည့် အခွင့်အလမ်းပေါင်းများစွာ ရရှိစေနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊တရုတ်-မြန်မာစီးပွားရေးစင်္ကြံလမ်းကြောင်း တစ်လျှောက်တွင်ရှိသည့် မဟာဗျူဟာကျသော စီမံကိန်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း၊ တရုတ်နိုင်ငံ၏ မိမိတို့နိုင်ငံအပေါ်တွင် စဉ်ဆက်မပြတ် အပြုသဘောဆောင်သည့် ထိတွေ့ဆောင်ရွက်မှု၊ စိတ်ကောင်းစေတနာဖြင့် အားပေးထောက်ခံမှုများအတွက်လည်း များစွာတန်ဖိုးထား ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံအရေးကိစ္စနှင့်ပတ်သက်၍ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် ရပ်တည်ထောက်ခံပေးလျက်ရှိသည့်အတွက်လည်း ကျေးဇူးတင်ရှိကြောင်း။

### ပံ့ပိုးကူညီပေးလျက်ရှိသည်ကိုလည်း ကျေးဇူးတင်ရှိ

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို အားပေးထောက်ခံပြီး ပံ့ပိုးကူညီပေးလျက်ရှိသည်ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ထိုသို့ တရုတ်နိုင်ငံ၏ ခိုင်မာသည့်ရပ်တည်ချက်သည် မိမိတို့နှစ်နိုင်ငံအကြားတွင်ရှိသည့် နက်ရှိုင်းသောချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုတို့ကို ထင်ဟပ်လျက်ရှိပါကြောင်း။

မိမိတို့ နှစ်နိုင်ငံပြည်သူများအကြား အေးအတူပူအမျှ အသိုက်အဝန်းမှ အတူမျှဝေခံစားသည့် စိတ်ဓာတ်၊ ခိုင်မာမြဲမြံသည့် ချစ်ကြည်ရင်းနှီးမှုကို ထင်ဟပ်စေသည်မှာ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်က မန္တလေးမြေငလျင် လှုပ်ခတ်မှုအပြီးချက်ချင်း ၂၄ နာရီအတွင်း၌ တရုတ်နိုင်ငံက ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ပေးခဲ့ခြင်းပင်ဖြစ်ကြောင်း၊ အရေးကြီးဆုံးအချိန် (Golden Hour)၌ ရှာဖွေကယ်ဆယ်ပေးခဲ့ကြသည့် တရုတ်နိုင်ငံအစိုးရနှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို မြန်မာပြည်သူများကိုယ်စား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်းကို ဂုဏ်ပြုပြောကြားလိုကြောင်း၊ ၂၀၂၀-၂၀၂၁-၂၀၂၂ ခုနှစ်ကာလများအတွင်း၌လည်း ကမ္ဘာတစ်ဝန်းလုံး၌ ဖြစ်ပွားခဲ့သည့် ပြင်းထန်သော ကိုဗစ် -၁၉ ရောဂါကိုလည်း မြန်မာနိုင်ငံအနေဖြင့် ဆိုးရွားစွာခံစားခဲ့ရကြောင်း၊ အဆိုပါအချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးဆေးများ၊ ပစ္စည်းများ၊ အထူးသဖြင့် အောက်ဆီဂျင်နှင့် ထုတ်လုပ်ရေးဆိုင်ရာများတွင် အမြောက်အမြား ကူညီပေးခဲ့ခြင်းကြောင့် မြန်မာပြည်သူများ ကိုဗစ်ရောဂါကင်းစင်ရေးအတွက် များစွာအထောက်အကူပေးခဲ့သည်ကိုလည်း ကျေးဇူးတင်ရှိခဲ့သည်ကို ထည့်သွင်းပြောကြားလိုပါကြောင်း။

ထို့အပြင် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုများတွင် ပြန်လည်ထူထောင်ရေးအတွက် အထောက်အကူပြုနိုင်ရန် တရုတ် ယွမ် (၁ ဒသမ ၁) ဘီလီယံတန်ဖိုးရှိ အရေးပေါ်လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ပေးအပ်ခဲ့ကြောင်း၊ အခက်အခဲဆုံးအချိန်တွင်ရရှိခဲ့သည့် ပထမဦးဆုံး ပြည်ပအကူအညီဖြစ်သည့် တရုတ်နိုင်ငံ၏ အချိန်မီပံ့ပိုးကူညီမှုများသည် မိမိတို့အစိုးရနှင့် ပြည်သူများအတွက် များစွာထိရောက်မှုရှိပြီး ခွန်အားဖြစ်စေခဲ့ကြောင်း။

ထိုကဲ့သို့ အချိန်တိုကာလအတွင်း ဆွေမျိုးပေါက်ဖော်ပီသသည့် ရိုင်းပင်းကူညီပေးမှုများအတွက် မြန်မာနိုင်ငံသားများကိုယ်စား အိမ်နီးချင်းကောင်း မိတ်ဆွေကောင်းဖြစ်သည့် တရုတ်နိုင်ငံအစိုးရနှင့် ပြည်သူများကို များစွာကျေးဇူးတင်ရှိပါကြောင်း၊ ထိုသို့ မွန်မြတ်သည့် ပံ့ပိုးကူညီမှု၊ နှစ်နိုင်ငံပြည်သူများအကြား စစ်မှန်သည့်ချစ်ကြည်ရင်းနှီးမှုနှင့် မြန်မာပြည်သူများနှင့်အတူ ရပ်တည်ပေးမှု၊ နွေးထွေးသည့် အကူအညီပေးမှုများသည် နှစ်နိုင်ငံချစ်ကြည်ရေးသမိုင်းတွင် မော်ကွန်းတင်ကျန်ရစ်နေမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၅ သို့*




မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၄ မှ*

မြန်မာနိုင်ငံအနေဖြင့် အပြန်အလှန်လေးစားမှုနှင့် နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းစေရေး မူဝါဒများ ထည့်သွင်းဖော်ပြထားသည့် အေးအတူပူအမျှ အသိုက်အဝန်း အတူတကွထူထောင်ရေးအတွက် တရုတ်နိုင်ငံနှင့်အတူ လက်တွဲဆောင်ရွက်သွားမည် ဖြစ်ပြီး နှစ်နိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွား အတွက် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို ပိုမို နက်ရှိုင်းစေရေး တရုတ်နိုင်ငံနှင့်အတူ အနီးကပ် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ထပ်လောင်းအတည်ပြုလိုကြောင်း။

ထပ်လောင်းအတည်ပြု

ယခုကဲ့သို့ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးထူထောင်မှု (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် အခမ်းအနား တွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းစေရန်နှင့် မဟာဗျူဟာကျသည့် ပူးပေါင်းဆောင်ရွက်မှုများမှ တစ်ဆင့် အေးအတူပူအမျှ အသိုက်အဝန်းထူထောင်မှု အရှိန်အဟုန်ကို တိုးမြှင့်သွားမည်ဟူသည့် မြန်မာနိုင်ငံ၏ ခိုင်မာသည့်သန္နိဋ္ဌာန်ကို ထပ်လောင်းအတည်ပြု ပြောကြားလိုကြောင်း။

အနာဂတ် နှစ်နိုင်ငံအကြား တိုးတက်ကောင်းမွန်သည့်ဆက်ဆံရေးကို ရှေးရှုပြီး မြန်မာ-တရုတ် ချစ်ကြည်ရေး ထာဝရအခွန့်ရှည်တည်တံ့ပါစေကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စည်ဆက်မပြတ် ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ပါကြောင်းကို ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

**နှုတ်ခွန်းဆက်စကား ပြောကြား**

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် မြန်မာ-တရုတ် နှစ်နိုင်ငံ ယဉ်ကျေးမှု အကအလှများ၊ တေးသီချင်းများဖြင့် ကပြသရုပ်ဖော် တင်ဆက်ပြသမှုများနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု သမိုင်းကြောင်းမှတ်တမ်း ဗီဒီယိုဖိုင်အား ကြည့်ရှုကြသည်။

**မှတ်တမ်း ဓာတ်ပုံပြခန်းများ ကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ၂၀၂၅ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင် မန်း-ရှမ်း၊ ကချင်-ရန်ကုန် အနိုင်ရ

**မန္တလေး ဇွန် ၈**

၂၀၂၅ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲ အမျိုးသမီး ကွာတားဖိုင်နယ်ပွဲစဉ် ပြိုင်ပွဲများကို တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားပြိုင်ပွဲရုံတွင် ယနေ့နံနက်ပိုင်းက ကျင်းပခဲ့ရာ အိမ်ရှင်ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၃ ပွဲ ၁ ပွဲဖြင့် အသီးသီးယှဉ်ပြိုင်အနိုင်ရရှိကြကြောင်း သိရသည်။

အဆိုပါ ကွာတားဖိုင်နယ်ပွဲစဉ်တို့တွင် အနိုင်ရရှိကြသည့် အမျိုးသမီးအသင်းများသည် ဇွန် ၁၁ ရက်နေ့တွင် အကြိုဗိုလ်လုပွဲအဖြစ် အိမ်ရှင်ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ကချင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ တက်ရောက်ကြပြီး အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်-မန်း**

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# သမိုင်းဝင် မဟာရွှေသာလျောင်း(ပေါင်းလဲကြီး)ဘုရားနှင့် ရတနာပုဏ္ဏာဝရဒါဠာ ဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး)သို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်



**မန္တလေး ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက တံတားဦးမြို့နယ်ရှိ သမိုင်းဝင်မဟာရွှေသာလျောင်း(ပေါင်းလဲကြီး)ဘုရားနှင့် အမရပူရမြို့နယ်ရှိ မဟာမြမုနိရံ သီကုန်းတော်မြတ်၌ တည်ထားကိုးကွယ်တော်မူအပ်သော ရတနာပုဏ္ဏာဝရဒါဠာ ဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး)သို့ သွားရောက်ဖူးမြော်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တံတားဦးမြို့နယ်ရှိ သမိုင်းဝင်မဟာရွှေသာလျောင်း (ပေါင်းလဲကြီး)ဘုရားသို့ ရောက်ရှိပြီး မန္တလေးငလျင်ကြီးကြောင့် ပေါင်းလဲကြီးဘုရားဝင်းအတွင်းရှိ ထိခိုက်ပျက်စီးခဲ့သည့် အပျက်အစီးများကို ဖယ်ရှားရှင်းလင်းဆောင်ရွက်ထားရှိမှု၊ စေတီတိုက်မ၏ အရှေ့ဘက်ခြမ်းမှ တွေ့ရှိခဲ့သည့် ပလ္လင်နှင့်တံကဲနှစ်ထပ်၊ သာဝကခြောက်ပါး၊ ထီးကိုင်ထားသော ဗြဟ္မာရုပ်တုနှစ်ခု၊ ခရုသင်းနှင့် သားမြီးယပ်ကိုင်ထားသော သိကြားရုပ်တစ်ခုတွဲလျက်ပါရှိသည့် ဌာပနာပစ္စည်းကြေးဆင်းတုတော်တစ်ဆူအား မှတ်တမ်းမှတ်ရာများဖြင့် စနစ်တကျဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ အမရပူရမြို့နယ်ရှိ ရတနာပုဏ္ဏာဝရဒါဠာ ဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး)သို့ ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်အား စွယ်တော်စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက မန္တလေးငလျင်ကြီးကြောင့် စိန်ဖူးတော်၊ ထီးတော်ထိခိုက်ပျက်စီးခဲ့မှု၊ စနစ်တကျသိမ်းဆည်းဆောင်ရွက်ထားရှိမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)












• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။



# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၈

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ သောတပန်ရပ်ကွက် သကျဓိတာသီလရှင်စာသင်တိုက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းပေးနေမှုတို့ကိုလည်းကောင်း၊ ပိုးတန်းရပ်ကွက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ သုံးထပ်ဆောင်ကို ရှင်းလင်းနေမှုအခြေအနေများ၊ ရေသန့်စက်ထားရှိမည့် အဆောက်အအုံအသစ် ဆောက်လုပ်နေမှုအခြေအနေများနှင့် စာသင်ကျောင်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ မင်းလမ်းရပ်ကွက် ရတနာဗိမာန် ထူပါရုံရွှေကျောင်းတိုက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းပေးနေမှုတို့ကို လည်းကောင်း၊ စီတီးရပ်ကွက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း သာသနိကအဆောက်အအုံများ ဖယ်ရှားရှင်းလင်းပြီးစီးမှုအခြေအနေများနှင့် စေတီတော်ကြီးပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်မည့် အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီးတွင် ပြိုကျပျက်စီးမှုများ ဖယ်ရှားရှင်းလင်းနေမှုကို သွားရောက်ကြည့်ရှုအားပေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ ဘုတာဝင်းအတွင်း၌ Modular Container House ဖြင့်(ယာယီ) ရုံး ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဘူတာပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ မီးရထားသံလမ်းတစ်လျှောက် အမှိုက်ကင်းစင်ရေးနှင့် အမှိုက်ပုံးများ စနစ်တကျထားရှိရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် မြစ်သားမြို့နယ် လမ်းခွကျေးရွာရှိ အမှတ်(၇) အထည်စက်ရုံ(မြစ်သား)တွင် ချည်မျှင်နှင့် ချည်ထည်များ ထုတ်လုပ်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် မြစ်သားမြို့နယ် လမ်းခွကျေးရွာရှိ အမှတ်(၇)အထည်စက်ရုံ (မြစ်သား)တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ ချည်မျှင်နှင့် ချည်ထည်များထုတ်လုပ်နေမှုအခြေအနေများကိုလည်းကောင်း၊ ကူမဲမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ကူမဲ)တွင် ယာယီကျောင်းဆောင် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးနှင့် ကျောင်းသား ကျောင်းသူများ ကောင်းမွန်စွာ ပညာသင်ကြားနိုင်စေရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် မြစ်သားမြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှု အခြေအနေများနှင့် ကူမဲမြို့ရှိ ဝေ့ကြီးဘုန်းကြီးကျောင်း၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးရဲတင့် ငလျင်ဒဏ်ကြောင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ ထိခိုက်ပျက်စီးမှုများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၈

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းက စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ယာယီခရိုင်ရုံးသို့ ရောက်ရှိပြီး ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ အားပေးစကားပြောကြားကာ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။ (အောက်ယာပုံ)

ထို့နောက် စစ်ကိုင်းတောင်ရိုးပေါ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ဇုန်နယ်မှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။ စစ်ကိုင်းထပ်ဆင့်လွှင့်စက်ရုံသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု ကြီးကြီးမားမားမရှိဘဲ ပုံမှန်ထုတ်လွှင့်မှုများ ဆောင်ရွက်လျက်ရှိသည်။

မွန်းလွဲပိုင်းတွင် အမရပူရမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးကာ ဆောင်ရွက်ရန်ရှိသည်များကို မှာကြားသည်။

ခရီးစဉ်တွင် ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံရာ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားရမှုများအတွက် အားပေးနှစ်သိမ့်ပြီး လုပ်ငန်းတာဝန်များကို ပုံမှန်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ စစ်ကိုင်းခရိုင်ရုံးမှ ကွယ်လွန်သွားသော ဝန်ထမ်းများအတွက် ရသင့်ရထိုက်သည့် ခံစားခွင့်များရရှိရေး အလေးထား ဆောင်ရွက်ပေးရန်၊ ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် ပေးအပ်လာသည့်တာဝန်များ ထမ်းဆောင်နိုင်ရေး ကြိုတင်ပြင်ဆင်ထားကြရန်၊ နွေရာသီမီးဘေးအန္တရာယ် ကာကွယ်ရေး သတိထားရန်၊ စက်ပစ္စည်းများ ပုံမှန်စစ်ဆေးထိန်းသိမ်းပြီး မပျက်စီးအောင် ဂရုစိုက်ရန်နှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ပြုပြင်ရေး၊ ဆုံးရှုံးမှုများအား စာရင်းမှ ပယ်ဖျက်နိုင်ရေးတို့ကို ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက ဝန်ထမ်းများအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။ (၀၉၃)



# အီလွန်မတ်စ်နှင့် ပေါင်းသင်းဆက်ဆံရေး ပြီးဆုံးသွားပြီဟု အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့် ထုတ်ဖော်ပြောကြား

**ဝါရှင်တန် ဇွန် ၈**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က အီလွန်မတ်စ်နှင့် ၎င်း၏ဆက်ဆံရေး ပြီးဆုံးသွားပြီဟု ဇွန် ၇ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၎င်းတို့နှစ်ဦးအကြား လူမှုကွန်ရက်ပေါ်တွင် အကြိတ်အနယ် အငြင်းပွားမှုဖြစ်ပွားပြီးနောက် ယိုယွင်းနေသော ပေါင်းသင်းဆက်ဆံရေးကို ပြန်လည်ကောင်းမွန်လိုပါသလားဟု အင်န်ဘီစီသတင်းဌာနက မေးမြန်းသည်ကို ထရမ့်ဖြေကြားရာတွင် "မလိုပါ" ဟု ပြောကြားခဲ့သည်။



သန်းကြွယ်သူဌေး အီလွန်မတ်စ်သည် ထရမ့်၏ ရွေးကောက်ပွဲအတွက် ဒေါ်လာသန်းပေါင်းများစွာ လှူဒါန်းခဲ့ပြီး အိမ်ဖြူတော်အကြံပေးဖြစ်လာခဲ့သူ ဖြစ်သည်။ သို့သော် နောက်ပိုင်းတွင် သမ္မတ၏အခွန်နှင့် ငွေကြေးအသုံးစရိတ်ဆိုင်ရာ ဥပဒေကြမ်းကို ပြည်တွင်းမူဝါဒအရေးကြီးသော အချက်အဖြစ် ပြည်တွင်းတွင် ကန့်ကွက်ခဲ့ကြောင်း သိရသည်။

**Mon**

# အမေရိကန်အရာရှိများနှင့် ဆွေးနွေးပွဲတွင် တိုးတက်မှုရရှိခဲ့သည်ဟု ဂျပန်စီးပွားထူထောင်ရေးဝန်ကြီး ရီယိုဆေးအာကာဇာဝါ ပြောကြား

**တိုကျို ဇွန် ၈**

ဂျပန်နိုင်ငံသည် မိမိနိုင်ငံ၏ စီးပွားရေးကို ထိခိုက်နေသည့် အကောက်ခွန်များကို ရပ်ဆိုင်းရန် ရည်ရွယ်သည့် အမေရိကန်အရာရှိများနှင့် ပဉ္စမအကြိမ်မြောက် ကုန်သွယ်ရေးဆွေးနွေးပွဲတွင် တစ်စိတ်တစ်ပိုင်းတိုးတက်မှုရရှိခဲ့သည်ဟု ဂျပန်စီးပွားရေးပြန်လည်ထူထောင်ရေးဝန်ကြီး ရီယိုဆေးအာကာဇာဝါက ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။



အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့ဘက်ဆန့်၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဟောင်းဝါဒ်လတ်နစ်တို့အပါအဝင် အရာရှိများနှင့် ဇွန် ၆ ရက်က ဝါရှင်တန်၌တွေ့ဆုံစဉ် "မော်တော်ယာဉ်များ၊ မော်တော်ယာဉ်အစိတ်အပိုင်းများ၊ သံမဏိနှင့် အလူမီနီယမ်တို့အပေါ် အကောက်ခွန်များကို စိမ်ခန့်ခွဲထားပြီး အချို့မှာ ၁၀ ရာခိုင်နှုန်း အထွေထွေအကောက်ခွန်နှင့်အတူ ၅၀ ရာခိုင်နှုန်းအထိ နှစ်ဆတိုးလာကာ ဂျပန်စီးပွားရေးကို နေ့စဉ်ဆုံးရှုံးမှုများ ဖြစ်စေနေပါသည်" ဟု ၎င်းက ပြောကြားခဲ့သည်။

ဇွန် ၁၅ ရက်တွင် စတင်မည့် ဂျီဆဲဗင်းခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးမတိုင်မီ ဂျပန် - အမေရိကန်အရာရှိကြီးများ ဆွေးနွေးရာတွင် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်နှင့် ဂျပန်ဝန်ကြီးချုပ် ရှီဂဲရူအီရှီဘတို့ တွေ့ဆုံဖွယ်ရှိကြောင်း သိရသည်။

**Mon**

0-0-0-0-0

0-0-0-0



တရုတ်နိုင်ငံမှ နာမည်ကျော် ဂူယီတောင်ပေါ်မှ လက်ဖက်ခြောက်လုပ်ငန်းအတွက် လက်ဖက်ရွက်များကို အခြောက်လှန်းရန် ပြင်ဆင်နေကြစဉ်။ **Mon**

# ပန်းချီဆရာအမ်အက်ဖ်ဟူစိန်၏ ပန်းချီကားနှစ်ဆယ်နီးပါးကို ပထမဆုံးအကြိမ် လေလံတင်ရောင်းချရန် စီစဉ်ထား

**ဒေလီ ဇွန် ၈**

ကမ္ဘာကျော် အိန္ဒိယနွယ်ဖွား ခေတ်သစ်ပန်းချီဆရာ အမ်အက်ဖ်ဟူစိန်၏ ပန်းချီကားပေါင်း နှစ်ဆယ်နီးပါးကို လာမည့်အပတ်တွင် ပထမဆုံးအကြိမ် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လာမည့်ဇွန် ၁၂ ရက်နေ့တွင် ၎င်း၏ ရှားပါးပန်းချီကား ၂၅ ကားကို မွမ်ဘိုင်းမြို့ရှိ အနုပညာပြခန်းတစ်ခုတွင် လေလံတင် ရောင်းချမည်ဖြစ်ပြီး ထိုပန်းချီကားများကို ၎င်းဖန်တီးပြီးနောက် နှစ်နှစ်ဆယ်ကျော်ကြာမှ ပြန်လည်ရောင်းချခြင်းဖြစ်သည်။

၂၀၀၈ ခုနှစ်တွင် ထင်ရှားသည့် စီးပွားရေးသမားတစ်ဦးထံမှ ချေးငွေမဆပ်နိုင်မှုကြောင့် အစိုးရက သိမ်းယူပြီးနောက် ဘဏ်များတွင် သော့ခတ်ထားခဲ့သော ထိုပန်းချီကားများကို ပြည်သူများ ပထမဆုံးအကြိမ်မြင်တွေ့ရမည်ဖြစ်သည်။

"အိန္ဒိယ၏ ပီကာဆို" ဟု အများအားဖြင့်ခေါ်ဆိုခံရသော ဟူစိန်သည် အိန္ဒိယ၏ အထင်ကရနှင့် အငြင်းပွားဖွယ်အနုပညာရှင်များထဲမှ တစ်ဦးဖြစ်ပြီး သူ၏လက်ရာများသည် ဒေါ်လာသန်းပေါင်းများစွာတန်ကြောင်း သိရသည်။

**Mon**

# ပင်နီဇွဲလားနိုင်ငံအစိုးရပိုင် ပီဒီဗွီအက်စ်အေ ရေနံကုမ္ပဏီ နိုင်ငံခြားဝန်ဆောင်မှုပေးသူများနှင့် စာချုပ်ကိုးခု ချုပ်ဆို

**ကရာကတ်စ် ဇွန် ၈**

ဗင်နီဇွဲလားနိုင်ငံအစိုးရပိုင် ပီဒီဗွီအက်စ်အေ ရေနံကုမ္ပဏီသည် အမေရိကန် ဒဏ်ခတ်ပိတ်ဆို့မှုကြောင့် ချေဗရွန်ကုမ္ပဏီ ထွက်ခွာပြီးနောက် ရေနံထုတ်လုပ်မှုကို ထိန်းသိမ်းရန်နှင့် နိုင်ငံခြားဝင်ငွေရရှိရန် တရုတ်ကုမ္ပဏီနှစ်ခုအပါအဝင် နိုင်ငံခြားဝန်ဆောင်မှုပေးသူများနှင့် သဘောတူစာချုပ် အနည်းဆုံးကိုးခု ချုပ်ဆိုထားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ထိုကုမ္ပဏီ၏ ရေနံရောင်းဝယ်ရေးတွင် သီးသန့်အခွင့်အရေးပုံစံဟောင်းမှ ခြားနားစွာ နိုင်ငံခြားကုမ္ပဏီများအား ရှိပြီးသားရေနံတွင်းများကို တူးဖော်ခွင့်နှင့် ထွက်ကုန်များရောင်းချခွင့်ပေးသည့် သဘောတူညီချက်များပါဝင်ကြောင်း အမည်မဖော်လိုသော အရင်းအမြစ်များကို ကိုးကား၍ ဖော်ပြထားသည်။

အမေရိကန်အစိုးရက ဒဏ်ခတ်မှုကင်းလွတ်ခွင့်များ တိုးမပေးသည့်အတွက် လိုင်စင်သက်တမ်းကုန်ဆုံးခဲ့သော အနောက်နိုင်ငံကြီးများ၏ ရေနံကုမ္ပဏီများ ဆုတ်ခွာမှုကို ကာမိစေရန် သမ္မတနီကိုလတ်စ်မာဒူရို၏ နည်းဗျူဟာတစ်ရပ်အဖြစ် ထိုသဘောတူညီချက်များ ချုပ်ဆိုခြင်းဖြစ်ကြောင်း သိရသည်။

**Mon**



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

# ဂရင်းလန်နိုင်ငံသို့ သမ္မတမာခရွန် အလည်အပတ်ရောက်ရှိစဉ် ဒိန်းမတ်နှင့် ဂရင်းလန်ဝန်ကြီးချုပ်များ တွေ့ဆုံမည်ဟု ဆို

**ပဲရစ် ဇွန် ၈**

သမ္မတ အီမန်နျူယယ်မာခရွန် ယခုလအတွင်း ဂရင်းလန်နိုင်ငံသို့ အလည်အပတ်သွားရောက်မည်ဖြစ်သည်ဟု ပြင်သစ်သမ္မတရုံးက အတည်ပြုကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

၎င်းသည် အမေရိကန်ပြည်ထောင်စုက ဓာတ်သတ္တုကြွယ်ဝသော အာတိတ်ကျွန်းဖြစ်သည့် ဂရင်းလန်နိုင်ငံကို လွှဲယူရန် စိတ်ဝင်စားမှုများပြသပြီးနောက်ပိုင်းတွင် ထိုအလည်အပတ်ခရီးစဉ် ပေါ်ပေါက်လာခြင်းဖြစ်သည်။

ဒိန်းမတ်ဝန်ကြီးချုပ် မက်တီဖရက်ဒရစ်ဆန်နှင့် ပြင်သစ်ခေါင်းဆောင် မာခရွန်တို့နှစ်ဦးကို ဂရင်းလန်ဝန်ကြီးချုပ် အသစ် ဂျန်းစ်-ဖရက်ဒရစ် နီကယ်ဆန်က လာမည့် ဇွန် ၁၅ ရက်တွင် လက်ခံတွေ့ဆုံမည်ဟု ဆိုသည်။

ယင်းခေါင်းဆောင်များအကြား ဆွေးနွေးမှုများသည် မြောက်အတ္တလန္တိတ်နှင့် အာတိတ်လုံခြုံရေး၊ ရာသီဥတုပြောင်းလဲမှု၊ စွမ်းအင်အကူးအပြောင်းနှင့် အရေးကြီးသော သတ္တုများအပေါ် အာရုံစိုက်မည်ဖြစ်ကြောင်း ပြင်သစ်သမ္မတရုံး၏ ကြေညာချက်တွင် ဖော်ပြထားသည်။

သမ္မတမာခရွန်၏ အလည်အပတ်ခရီးစဉ်ကို ကြိုဆိုပြီး "ခက်ခဲသော နိုင်ငံခြားရေးမူဝါဒအခြေအနေတွင်" "ဥရောပညီညွတ်မှု၏ နောက်ထပ်တစ်ခုသော သက်သေအထောက်အထား" ဖြစ်သည်ဟု ဖရက်ဒရစ်ဆန်က မှတ်ချက်ချခဲ့ကြောင်း သိရသည်။

**Mon**

STOP AIDS

# အမေရိကန် လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်အရာရှိများ လော့စ်အိန်ဂျယ်လိစ်မြို့၌ ဆန္ဒပြသူများနှင့် ရုန်းရင်းဆန်ခတ်ဖြစ်

**ဝါရှင်တန် ဇွန် ၈**

အမေရိကန်လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်အရာရှိများ ဇွန် ၆ ရက်က လော့စ်အိန်ဂျယ်လိစ်မြို့ရှိ နေရာများစွာသို့ ဝင်ရောက်စီးနင်းရှာဖွေခဲ့ရာမှ မြို့လယ်တွင် လူထုဆန္ဒပြမှုများ ဖြစ်ပွားခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

တောင်ကယ်လီဖိုးနီးယားနှင့် တစ်နိုင်ငံလုံး၌ လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်အရာရှိများက ရှောင်တခင်စစ်ဆေးမှုများ ဆက်လက်ပြုလုပ်ခဲ့ရာ အနည်းဆုံးလူ ၄၄ ဦး အဖမ်းခံရပြီး အမေရိကန်ပြည်ထောင်စု၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် လော့စ်အိန်ဂျယ်လိစ်မြို့တွင် ကျယ်ပြန့်သော ဆန္ဒပြမှုများ၊ ထိပ်တိုက်ရင်ဆိုင်မှုများနှင့် ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပေါ်စေခဲ့သည်။

အွန်လိုင်းတွင် တင်ထားသည့် ဗီဒီယိုများအရ ထိုနေ့ နေ့လယ်တွင် ဆန္ဒပြသူပေါင်း တစ်ရာခန့်သည် အဆိုပါ လူဝင်မှုကြီးကြပ်ရေးအရာရှိများနှင့် ရင်ဆိုင်တွေ့ခဲ့ပြီး အဝတ်အစားဖက်ရှင်ဆိုင်တစ်ဆိုင်တွင် အလုပ်သမားများစွာ လက်ထိပ်ခတ်ပြီး အဖမ်းခံရသည်ကို တွေ့ရသည်။

အစိုးရအရာရှိများ၏ ယာဉ်ကို ပိတ်ဆို့ခြင်းဖြင့် သူတို့၏ သွားလာမှုကို တမင်တကာ ဟန့်တားခဲ့သဖြင့် ထိုအရာရှိများကို တာဝန်ဝတ္တရားနှောင့်ယှက်မှုဖြင့် အများစု အဖမ်းခံရသည်ဟု ကယ်လီဖိုးနီးယားအလယ်ပိုင်းခရိုင်ဆိုင်ရာ အမေရိကန်ရှေ့နေ ဘီလ်အက်ဆေလီက အိတ်ခ်စ်လူမှုကွန်ရက်တွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။ **Mon**

## မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မောက်မယ် ဇွန် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ် မီးသတ်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇွန် ၄ ရက် နံနက် ၉ နာရီခွဲက သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သစ်တောတာဝန်ခံ တောအုပ် ဦးဇော်ညိုက မီးခိုးမြူငွေ့အန္တရာယ်အကြောင်း၊ တောမီးလောင်မှုကြောင့် သစ်တောသစ်ပင်များပြုန်းတီးခြင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်း၊ စက်မှုဖွံ့ဖြိုးတိုးတက်သောနိုင်ငံများမှ မီးခိုးမြူငွေ့အန္တရာယ်ကြုံတွေ့နေရခြင်းနှင့် သစ်တောဥပဒေဆိုင်ရာများကို ဟောပြောခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းလင်းအောင်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ မီးလောင်ကျွမ်းမှု၊ မီးလန့်မှုများဖြစ်ပွားလာပါက အရေးပေါ်မီးငြိမ်းသတ်နိုင်ရန်အတွက် DCP မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြုပုံ၊ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ဆောင်ရန်၊ ရှောင်ရန် အချက်အလက်များ၊ လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များနှင့် နည်းပညာများကို ဒေသခံတောင်သူများအား အသိပညာပေးရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

(ဝဲပုံ) မြို့နယ်(ပြန်/ဆက်)



## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် (အကြို)ဟောပြောပွဲ ကျင်းပ

**ကျိုင်းတုံ ဇွန် ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (အကြို) ဟောပြောပွဲကို ဇွန် ၄ ရက်က အ·ထ·က(ခွဲ) အ·လ·က (၃)ကျောင်းတွင် ကျင်းပသည်။



ဟောပြောပွဲတွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အ·လ·က(၃) ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးစန္ဒာနိုင်က အမှာစကားပြောကြားပြီး ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းရွှေအောင်နှင့် ဒုတိယဦးစီးမှူး ဒေါ်သီသီဝင်းတို့က မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ထိခိုက်ဆုံးရှုံးမှုများအကြောင်း၊ မူးယစ်ဆေးဝါးပြစ်မှုများ ကျူးလွန်ပါက ချမှတ်ခြင်းခံရမည့်ပြစ်ဒဏ်များအကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် သိရှိလိုက်နာသင့်သည့်အချက်များကို ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဟောပြောကြသည်။

ထို့နောက် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချယ်ရီဦးက အလုပ်သမားရေးရာကိစ္စရပ်များအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးအောင်လင်းဦးက စားသုံးသူကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို လည်းကောင်း ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေး ဟောပြောကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်(အကြို) နံရံကပ်စာစောင်များနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များ ပြသပေးကြပြီး စားသုံးသူရေးရာ ဦးစီးဌာနမှ တာဝန်ရှိသူများက ကျောင်းမုန့်ဆိုင်များအား စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ဇွန် ၂ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့နယ်အတွင်း၌ လိုင်စင်မဲ့ယာဉ် ၁၆ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၃၅ စီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ပလိပ်မြွေဘုရားအနီး၌ ဘားအံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီးကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း ဝင်းထက်ဆီဆိုင်အနီး၌ လားရှိုးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ပြင်ဦးလွင်မြို့နယ်တွင် မူးယစ်ဆေးဝါးများဖမ်းမိ

**ပြင်ဦးလွင် ဇွန် ၈**

မူးယစ်တပ်ဖွဲ့စု(၁၆)(ပြင်ဦးလွင်မြို့)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တားဆီးနှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်နေစဉ် ဟိုလိပ်ကျေးရွာအုပ်စု၊ ဘန်းသာကျေးရွာတွင် အမျိုးသားတစ်ဦးအား မူးယစ်ဆေးဝါးများနှင့် ဖမ်းဆီးရမိသဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၁၆)မှ ဒုတိယရဲအုပ် သန်းကိုကိုလင်းနှင့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဇွန် ၄ ရက် နံနက် ၁၁ နာရီက ပြင်ဦးလွင်မြို့နယ်၊ ဟိုလိပ်ကျေးရွာအုပ်စု၊ ဘန်းသာကျေးရွာ ဦးသန်းမြင့်ဆိုသူ၏ နေအိမ်အား သွားရောက်စစ်ဆေးရာ ၄င်းဝတ်ဆင်ထားသည့် ပုဆိုးခါးပုံစအတွင်းမှ အပြာရောင်ပလတ်စတစ်ဘူးခွံအတွင်းထည့်လျက် WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ခုနစ်ပြားစီပါ ခြောက်ထုပ်၊ စုစုပေါင်းဆေးပြား ၄၂ ပြား၊ အလေးချိန် ၃ ဒသမ ၇၈ ဂရမ်အား သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် နေအိမ်မီးဖိုခန်းအတွင်း ကြမ်းပြင်ပေါ်မှ အဖြူရောင် ကော်ဘူးခွံအတွင်း ထည့်လျက် WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၊ အလေးချိန် ၁၂ ဒသမ ၆ ဂရမ်အားလည်းကောင်း၊ နေအိမ်၌ ကျင်းတူး၍ သိုဝှက်သိမ်းဆည်းထားသည့် ကြွပ်ကြွပ်အိတ်အတွင်း မှိုင်းခံစက္ကူ၊ တိပ်များဖြင့် ပတ်လျက် ပလတ်စတစအပြာရောင်ကပ်ခွာအိတ်များဖြင့် ထည့်ထားသော WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ ၃၀ထုပ်၊ စုစုပေါင်းဆေးပြား ၆၀၀၀၊ အလေးချိန် ၅၄၀ ဂရမ်အား ရှာဖွေတွေ့ရှိရသဖြင့် အရေးယူခဲ့သည်။



အဆိုပါ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများအား သုံးစွဲဖြန့်ဖြူးရောင်းချရန် လက်ဝယ်ထားရှိသူ ဦးသန်းမြင့်(၅၅) နှစ်ဆိုသူ(ဟိုလိပ်ကျေးရွာအုပ်စု၊ ပြင်ဦးလွင်မြို့နယ်)နေသူအား ပိတ်ချင်းမြောင် နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(ဝဲပုံ)

(၀၅၇)

၀-၀-၀-၀-၀

## တောင်တွင်းကြီးမြို့နယ်၌ ရေဘေးပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**တောင်တွင်းကြီး ဇွန် ၈**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် ရေဘေးပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက တောင်တွင်းကြီးမြို့၊ ဒက္ခိဏဈေး အတွင်း၊ အပြင်တို့၌ဆောင်ရွက်ခဲ့ရာ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနဦးစီးအရာရှိ ဒေါ်ခိုင်မိုမိုဇင်နှင့် ဝန်ထမ်းများက ဈေးရောင်း၊ ဈေးဝယ် ဒေသခံပြည်သူများ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ အသိပညာပေး လက်ကမ်းစာစောင်တွင် ရေဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ၊ ရေကြီးပြီးနောက် ပြုလုပ်ရန် အချက်များ၊ ရေကြီးပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ၊ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် ရှောင်ရှားသင့်သည့် အချက်များ၊ ရေကြီးခြင်း သတိပေးချက်ရလျှင် ဆောင်ရွက်ရန်များ စသည့်အချက်များ ပါရှိကြောင်း သိရသည်။

(အောက်ပုံ)

နောင်နောင် (မိဿနိုးမြေ)



# အနာဂတ်မှာ ခေတ်စားလာနိုင်မည့် ဇီဝမီးသွေး

မောင်မောင်စွယ်စုံထွန်း





ယနေ့ကမ္ဘာကြီးတွင် ဖန်လုံအိမ်ဓာတ်ငွေ့လွှတ်ထုတ်မှုသည် လျော့ကျသွားခြင်းမရှိဘဲ ဆက်လက်မြင့်တက်လာလျက်ရှိပါသည်။ သဘာဝဘေးအန္တရာယ်များကလည်း ရာသီဥတုဖောက်ပြန်ခြင်းနဲ့ အတူ တွဲလျက်မြင့်တက်နေဆဲ ဖြစ်ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးသမားများက အဆိုပါအခြေအနေအပေါ်မှာ စိုးရိမ်မှုမြင့်တက်လာ နေခြင်းသည် အံ့သြစရာတော့မဟုတ်ပါ။ မျှော်လင့်ချက်ပျောက်သွား ပြီလားလို့တောင် ထင်ရသည့်အခြေအနေတွင် လေ့လာမှုတစ်ရပ်က ၂၀၁၅ ပါရီသဘောတူညီချက်အချို့သည် လမ်းကြောင်းမသွေဖည် သေးဘူးဆိုသည့် အကြောင်းအရာ (၅)ချက်ကိုဖော်ပြခဲ့ပါသည်။ Decarbonisation (ကာဗွန်ထုတ်လွှတ်မှု ရပ်တန့်ရေး)နဲ့ Net Zero (ကာဗွန်ထုတ်လွှတ်မှု အလုံးစုံ ကွယ်ပျောက်ရေး) ဆိုသည့် ဝေါဟာရများက နေ့စဉ်သုံးစကားစု၏ တစ်စိတ်တစ်ပိုင်း ဖြစ်လာ သော်လည်း လက်တွေ့တွင် အဆိုပါ ဖြစ်စဉ်များကို လိုက်နာနိုင်မှု အားနည်းနေဆဲပင် ဖြစ်ပါသည်။

ဂျာမန် အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခုဖြစ်သည့် New Climate Institute ၏ လေ့လာမှုအရ ဆိုလာစွမ်းအင်သုံး လုပ်ငန်းတွေနှင့် လျှပ်စစ်ယာဉ်တွေ တိုးတက်လာခြင်းကိုလည်း ငြင်းမရဘဲ အဆိုပါကိစ္စသည် လမ်းကြောင်းမှန်ဆီကို ဦးတည် နေခြင်းကလည်း အမှန်ပဲ ဖြစ်ပါသည်။

၂၀၁၄ ခုနှစ်လောက်က ရာသီဥတု ဖောက်ပြန်မှုနဲ့ပတ်သက်၍ စစ်တမ်းတစ်ခုကို ကောက်ယူခဲ့ရာမှာ ဖြေဆိုသူ ၄၀ ရာခိုင်နှုန်းက စိုးရိမ်မှုရှိသည်ဟူသော ရလဒ်တစ်ခုကို ရခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် စစ်တမ်းမှာတော့ ၆၀ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါသည်။ UNDP နှင့် Oxford တက္ကသိုလ်တို့မှ ၂၀၂၁ ခုနှစ်တွင် လုပ်ဆောင်ခဲ့သော ပိုမိုကျယ်ပြန့်သော 'Peoples Climate Vote' တွင် နိုင်ငံပေါင်း ၅၀မှ ပိုမိုတိကျသောအပြောင်းအလဲကို ပြသခဲ့ပါသည်။ အရှေ့ဥရောပနှင့် အာရှအလယ်ပိုင်းတွင် ဖြေဆိုသူ ၈၅ ရာခိုင်နှုန်းက ရာသီဥတုပြောင်းလဲမှုကို ကမ္ဘာလုံးဆိုင်ရာ အရေးပေါ်အခြေအနေဟု ယူဆကြပါသည်။ အနောက်ဥရောပနှင့် မြောက်အမေရိကတိုက်တွင် ၇၂ ရာခိုင်နှုန်း၊ အာရပ်ပြည်နယ်များ တွင်လူ ၆၄ ရာခိုင်နှုန်း၊ လက်တင်အမေရိက၊ ကာရေဘီယံနှင့် အာရှပစိဖိတ်ဒေသတွင် ၆၃ ရာခိုင်နှုန်းနှင့် အာဖရိကဆာဟာရတွင် ၆၁ ရာခိုင်နှုန်းတို့မှ ရာသီဥတုဖောက်ပြန်မှုသည် စိုးရိမ်စရာ အခြေအနေဖြစ်ကြောင်း သဘောတူခဲ့ကြပါသည်။

ရာသီဥတုဖောက်ပြန်မှုပြဿနာသည် ကမ္ဘာတစ်ဝန်းရှိ လူထုနှင့် နိုင်ငံရေးဟောပြောချက်များတွင် အဓိကအကြောင်းအရာ ဖြစ်လာ နေပါသည်။ မီဒီယာများတွင်လည်း အဆိုပါကိစ္စသည် လွှမ်းခြုံ ကြီးထွားလာသလို ပညာရေးတွင်လည်း ထည့်သွင်းပါဝင်မှုများ တွေ့ရှိလာပါသည်။ လက်နက်ကိုင်အဖွဲ့အစည်းများတွင်လည်း အဆိုပါအကြောင်းအရင်းနှင့် သက်ရောက်မှုများနှင့်စပ်လျဉ်း၍ အသိ ပညာဗဟုသုတများ တိုးပွားနေပါသည်။

သို့ဖြစ်ရာ ရာသီဥတုဆိုင်ရာဆန္ဒပြမှုများနှင့် လူမှုရေးလှုပ်ရှားမှု များ အားကောင်းလာသည်နှင့်အမျှ အရေးယူဆောင်ရွက်ရန် အစိုးရ များနှင့် စီးပွားရေးလုပ်ငန်းများအပေါ် ဖိအားများ တိုးလာနေပါသည်။ ရာသီဥတုဆိုင်ရာ တရားစွဲဆိုမှုမှတစ်ဆင့် ၎င်းတို့အား တရားရုံးတွင် တာဝန်ခံနိုင်စေရန် ထည့်သွင်းတွက်ချက်ခြင်းဆိုင်ရာ သိပ္ပံပညာ တွင်လည်း တိုးတက်မှုရှိလာခဲ့ပါသည်။ ယခုနှစ်တွင် ပေါ်တူဂီ လူငယ်များ၊ ယူကေ သဘာဝပတ်ဝန်းကျင် ပရဟိတအဖွဲ့နှင့် ဆွီဒင် တက်ကြွလှုပ်ရှားသူ (Greta Thunberg) တို့သည် ၎င်းတို့၏ နိုင်ငံများကို တရားစွဲဆိုနိုင်ခဲ့ကြပါသည်။

နိုင်ငံအများစုသည် ကာဗွန်ထုတ်လွှတ်မှု သုညကို ရည်မှန်း လာကြပြီး အပူချိန်မြင့်တက်မှု ခန့်မှန်းချက်ကတော့ နည်းပါးနေပါ သေးသည်။ အစိုးရများကနေ စီးပွားရေးလုပ်ငန်းကြီးများသို့ ကာဗွန် ထုတ်လွှတ်မှု သုည ပန်းတိုင်ဖြစ်စေရန် ညွှန်ကြားချက်တွေ ပေး နေခြင်းကတော့ နေရာအနှံ့မှာ ရှိလာပါသည်။ သို့သော်လည်း ၂၀၁၅ ခုနှစ်တုန်းက ဘူတန်နိုင်ငံတစ်ခုတည်းသာ ထိုကဲ့သို့ပစ်မှတ်ထားပြီး လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပါသည်။

ယခုအခါ ကမ္ဘာလုံးဆိုင်ရာ ဓာတ်ငွေ့ထုတ်လွှတ်မှု၏ ၈၀ ရာခိုင်နှုန်းနီးပါးကို ကိုယ်စားပြုသည့် နိုင်ငံ ၉၀ ကျော်က ၎င်းနှင့် ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုလုပ်နေကြပြီလည်း ဖြစ်ပါသည်။ ကာဗွန်ကင်းစင်ရေးနဲ့ပတ်သက်တဲ့ အမြင်တွေက နိုင်ငံအချင်းချင်း ကြားက စီးပွားရေးလုပ်ငန်းများပူးပေါင်းလုပ်ဆောင်မှုမှာ ကမ္ဘာ့အဆင့် အနေနှင့် ပါဝင်လာနေပါသည်။ ဤလျှော့ချမှုများကို ပြီးမြောက်စေရန် နှင့် ၁ ဒသမ ၅ ဒီဂရီ ကန့်သတ်ချက်အတွက်လည်း ဦးစားပေး လာကြပါသည်။ လက်ရှိနှုန်းအတိုင်းဆိုလျှင် ၂၁၀၀ ပြည့်နှစ်တွင် အပူချိန် ၃ ဒသမ ၆ ကနေ ၃ ဒသမ ၉ ဒီဂရီအထိ မြင့်တက်လာ မည်ဟု ခန့်မှန်းထားသော်လည်း ယခုအခါ အဆိုပါခန့်မှန်းချက် များ သည် ၂ ဒသမ ၇ ဒီဂရီသို့ ကျဆင်းသွားသည်ကို တွေ့ရပါသည်။

ယခုကဲ့သို့ ရာသီဥတုဖောက်ပြန်မှုများကို ကာကွယ်နိုင်ရန်အတွက် သိပ္ပံပညာရှင်များက တီထွင်ကြံဆထုတ်လုပ်လာသည့် ကျောက်မီးသွေး အစားထိုးနိုင်သောပစ္စည်းတစ်မျိုးမှာ အနာဂတ်မှာ ဈေးကွက်ဖြစ်ထွန်း လာနိုင်မည့် ဇီဝမီးသွေးပဲ ဖြစ်ပါသည်။ ဇီဝမီးသွေး(ဘိုင်အိုချာ)ဆိုတာ က စိုက်ပျိုးရေးလုပ်ငန်းများက ထွက်လာသည့် အပင်ထွက် အစအန အလေအလွင့်များကို မီးသွေးဖြစ်အောင်ဖုတ်ထားခြင်း ဖြစ်ပါသည်။ Biochar သည် Pyrolysis ဟုခေါ်သော အောက်ဆီဂျင်နည်းသော အခြေအနေတွင် ဇီဝဒြပ်ထု (Biomass) ကို အပူပေးခြင်းဖြင့် ထုတ် လုပ်သော မီးသွေးနှင့်တူသောပစ္စည်း(ဇီဝမီးသွေး)ပင် ဖြစ်ပါသည်။ ၎င်းသည် ၎င်း၏ထူးခြားသောဂုဏ်သတ္တိများနှင့် ရာသီဥတုပြောင်းလဲမှု ကို လျော့ပါးသက်သာစေရန် အလားအလာများကြောင့် ကာဗွန်စုပ်ယူ ခြင်းအတွက် အစွမ်းထက်သော ကိရိယာတစ်ခုအဖြစ် အသိအမှတ် ပြုခြင်းခံနေရပါသည်။ ဇီဝမီးသွေး(Biochar)သည် အလွန်တည် ငြိမ်ပြီး ကာဗွန်ကို မြေဆီလွှာတွင် ရာစုနှစ်များစွာ သိမ်းဆည်းထား နိုင်သည်။ အဘယ်ကြောင့်ဆိုသော် Pyrolysis လုပ်ငန်းစဉ်သည် ဇီဝဒြပ်ထု (Biomass) အတွင်းရှိ ကာဗွန်ကို ပြိုကွဲပျက်စီးမှု ခံနိုင် ရည်ရှိသော ပုံစံသို့ ပြောင်းလဲပေးသောကြောင့် ဖြစ်သည်။ မြေဆီလွှာ တွင် ထည့်သွင်းသောအခါ ဇီဝမီးသွေး (Biochar) သည် ၎င်းမြေကြီး ၏ မြေဆီသြဇာ၊ ရေထိန်းသိမ်းမှုနှင့် အာဟာရရရှိနိုင်မှုတို့ကို တိုးတက် မြင့်မားစေသည်။ ၎င်းသည် အပင်ကြီးထွားမှုကို အားကောင်းစေပြီး လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ် (CO2) ကို ပိုမိုစုပ်ယူနိုင်ပါသည်။ ဇီဝမီးသွေး (Biochar) ထုတ်လုပ်မှုသည် မီသိန်း (Methane) နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ($CO_2$) ကဲ့သို့သော ဖန်လုံ အိမ်ဓာတ်ငွေ့များ ထွက်လာမည့် ပြိုကွဲ (Decompose) နိုင်သော စိုက်ပျိုးရေးနှင့် သစ်တောစွန့်ပစ်ပစ္စည်းများကို အသုံးချနိုင်သည်။ ၎င်းစွန့်ပစ်ပစ္စည်းများကို ဇီဝမီးသွေး (Biochar) အဖြစ်သို့ ပြောင်းလဲခြင်းဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုကို လျှော့ချ ပေးနိုင်ပါသည်။ သိပ္ပံသဘောအရဆိုလျှင် ဇီဝအကြွင်းအကျန်များ ကို ပိုင်ရိုလိုက်စစ် ဖြစ်စဉ်အရ အောက်ဆီဂျင်နည်းတဲ့နေရာမှာ မီးရှို့ပြီး ကျန်တဲ့အကြွင်းအကျန်အခဲတွေကို ဆိုလိုခြင်းဖြစ်ပါသည်။ ဘိုင်အို ချာ တွေကို Pyrolysis ဟုခေါ်သော ဖြစ်စဉ်မှတစ်ဆင့် အောက်ဆီဂျင် အကန့်အသတ်ဖြင့် အော်ဂဲနစ်ပစ္စည်းများကို အပူပေးခြင်းဖြင့် ပြုလုပ် ထားပါသည်။

စိုက်ပျိုးရေးလုပ်ငန်းတွေက အကြွင်းအကျန်တွေနဲ့ အခွံမာသီး၊ အစေ့ထုတ်လုပ်ငန်းတွေက ထွက်လာသည့် အကြွင်းအကျန်များ ကို မီးသွေးဖုတ်လိုက်ခြင်းသည်က မြေသြဇာရအောင် အပုပ်ခံ၊ အဆွေးခံ ဒီအတိုင်း လွှင့်ပစ်ပြီးထားခြင်းထက် ကာဗွန်ကို ပိုမို ထိန်းသိမ်းထားလို့ရတဲ့အပြင် စွမ်းအင်အတွက် အထောက်အကူ ဖြစ်စေပါသည်။ ၎င်းကို ဆေးဝါးပါဝင်ပစ္စည်းအဖြစ် လမ်းတည် ဆောက်ရေးပစ္စည်းအဖြစ် အုတ်ကွန်ကရစ်စသည်ဖြင့် အသုံးပြုနိုင် ပြီး "ဒါကြောင့် ဘိုင်အိုချာကို အသုံးချမှုမှာ အကန့်အသတ် မရှိ ပါဘူး"ဟု ဘိုင်အိုချာထုတ်လုပ်သည့် လုပ်ငန်းရှင်တစ်ဦးက ဆိုဖူး ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းတွေက ထွက်လာတဲ့ ဘိုင်အိုချာ တွေက စိုက်ပျိုးရေးလုပ်ငန်းတွေကို အများကြီး အကျိုးဖြစ်ထွန်း စေပါသည်။ ဘိုင်အိုချာသုတေသီ ရီဘတ်ကာက ဘိုင်အိုချာများ သည် မြေဆီလွှာ၏ထုတ်လုပ်မှုနှင့် အထွက်နှုန်းကို မြှင့်တင်ပေး နိုင်ကြောင်း ပြသသည့် သုတေသနများစွာလုပ်ခဲ့ပြီးပြီဟု ဆိုပါ တယ်။ မြေဆီလွှာကို ကာဗွန် ၁ ရာခိုင်နှုန်း တိုးပြီးထည့်တိုင်း တစ်ဟက်တာမှာ ရေကို ၁၀ တန်ကနေ တန် ၃၀ အထိ ထိန်းသိမ်း နိုင်မှု တိုးလာမှာပါဟု ၎င်းက ဆိုပါသည်။ ဩစတြေးလျမှာ ဘိုင်အိုချာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၈၀၀ ခန့် ဈေးပေါက် ပါသည်။ တိရစ္ဆာန်အစာအတွက် စိုက်ပျိုးရေးလုပ်ငန်းထွက် အကြွင်းအကျန်များကိုရောင်းရင် ယခင်တုန်းက တစ်တန်ကို ဒေါ်လာ ၂၀၀ လောက် ရနေရာက နောက်ပိုင်းမှာ တစ်တန်ကို ဒေါ်လာ ၃၀ ပဲရတော့သည့်အတွက် ဘိုင်အိုချာလုပ်ပြီးရောင်းတာ က ပိုပြီး အကျိုးအမြတ်ရပါတယ်လို့ ဆိုပါသည်။ ရိုးရိုးမီးသွေး ကိုသုံးရင် အပူချိန်က ၃၀၀ ဒီဂရီဆဲလ်စီယက်စ်ကျော်ပဲ ရပါသည်။ ဘိုင်အိုချာတွေကတော့ ၆၀၀ ကနေ ၁၀၀၀ အတွင်း ရနိုင်ပါတယ်။ ကျောက်မီးသွေးဓာတ်အားပေး စက်ရုံတွေမှာ အစားထိုးသုံးနိုင်သလို LPG ဓာတ်ငွေ့နေရာမှာလည်း အစားထိုးလို့ ရနိုင်ပါတယ်။ သဘာဝပတ်ဝန်းကျင်ကို အထောက်အပံ့ဖြစ်စေရုံမက ချွေတာရာ လည်း အများကြီးဖြစ်တဲ့အတွက် အနာဂတ်မှာ ဘိုင်အိုချာတွေက ဈေးကွက်တစ်ခုဖြစ်လာနိုင်စရာရှိတယ်လို့ ပညာရှင်များက တညီတညွတ်တည်း သုံးသပ်ထားကြပါသည်။

အချုပ်အားဖြင့်ဆိုရပါလျှင် လျှပ်စစ်စွမ်းအင်လိုအပ်ချက် မြင့်မားနေသော မြန်မာနိုင်ငံကဲ့သို့သောနိုင်ငံမျိုးတွင် ကျောက်မီး သွေးဖြင့် လျှပ်စစ်ထုတ်လုပ်ခြင်းကို "No Coal ,No Dam"ဟု ဆန့်ကျင်နေကြသဖြင့် ယခုကဲ့သို့ စွမ်းရည်မြင့်မားသော ကျောက် မီးသွေးအစားထိုးနိုင်သည့် ဇီဝမီးသွေးလို ပစ္စည်းမျိုးကို တွင်ကျယ် စွာ အသုံးပြုလာနိုင်ခြင်းဖြင့် လျှပ်စစ်ဓာတ်အားကို ပိုမိုသန့်စင်စွာ ထုတ်လုပ်နိုင်လာမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုး ရေးလုပ်ငန်းထွက် အကြွင်းအကျန်များပြားစွာထွက်ရှိနေရာ အလ ဟဿ ဆုံးရှုံးသွားစေမည့်အစား လျှပ်စစ်စွမ်းအင်မြောက်မြားစွာ ထုတ်လုပ်နိုင်သော ဇီဝမီးသွေးကိုသာ စီးပွားဖြစ်ထုတ်လုပ်လာနိုင် မည်ဆိုပါက အနာဂတ်ကာလတွင် လျှပ်စစ်စွမ်းအင်ရရှိရေးအတွက် များစွာခေတ်စားလာနိုင်မည့် ပစ္စည်းတစ်မျိုးဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။




## 2025 Roland Garros တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Coco Gauff ဆွတ်ခူး



**ပဲရစ် ဇွန် ၈**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပလျက်ရှိသော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Roland Garros တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အမေရိကန် တင်းနစ်မယ် Coco Gauff က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ အမေရိကန် တင်းနစ်မယ် Coco Gauff သည် 2025 Roland Garros တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဘီလာရုတင်း နစ်မယ် Aryna Sabalenka ကို ၆-၇၊ ၆-၂၊ ၆-၄ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၁)နှစ်အရွယ်ရှိ Coco Gauff က "အခုလို 2025 Roland Garros တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေ ထပ်မံရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ။ ကျွန်မကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(NGB)

## ဗလာဟိုဗစ်အား ခေါ်ယူရန် အေစီမီလန်အသင်း စိတ်ဝင်စား

**မီလန် ဇွန် ၈**

အေစီမီလန်အသင်းသည် ဂျူဗင်တပ်အသင်းတိုက်စစ်မှူး ဗလာဟိုဗစ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၃ပွဲကစားပြီး ၅၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အေစီမီလန်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်းကလည်း ဗလာဟိုဗစ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိနေသည်။

ထို့ကြောင့် အေစီမီလန်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ဂျူဗင်တပ်အသင်းထံမှ ဗလာဟိုဗစ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)

(NGB)



## နည်းပြ ဂျူရစ်အား နည်းပြသစ်အဖြစ် အတ္တလန္တာအသင်းခန့်အပ်

**တူရင် ဇွန် ၈**

စီးရီးအေကလပ် အတ္တလန္တာအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဂျူရစ်အား ခန့်အပ်ခဲ့ကြောင်းအတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် အတ္တလန္တာအသင်းနှင့်အတူ ၂၀၂၇ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။




နည်းပြ ဂျူရစ်သည် နည်းပြဘဝတစ်လျှောက်တွင် ဂျီနိုအာ၊ တိုရီနို၊ ရိုးမား၊ ဆောက်သမ်တန်စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာအား ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် အတ္တလန္တာအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၄၉)နှစ်အရွယ်ရှိ နည်းပြ ဂျူရစ်က "ကျွန်တော် အခုလို အတ္တလန္တာအသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ဝမ်းသာမိပါတယ်။ ဒီအသင်းကို အောင်မြင်မှုတွေ ရရှိအောင် အစွမ်းကုန်ပေးဆပ်သွားမှာပါ"ဟု ပြောသည်။ (ဝဲပုံ)

(NGB)



## နယ်သာလန်အသင်းက ဖင်လန်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဇွန် ၈**

၂၀၂၆ ကမ္ဘာ့ဖလားဘောလုံး ခြေစစ်ပွဲ(ဥရောပဇုန်)အုပ်စုအဆင့်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက နယ်သာလန်အသင်းနှင့် ဖင်လန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယ်သာလန်အသင်းက ဖင်လန်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

နယ်သာလန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၆မိနစ်တွင် ဒီပေး၊ ပွဲချိန် ၂၃မိနစ်တွင် ဒမ်းဖရိုင်းတို့က အသီးသီးသွင်းယူပေးခဲ့သည်။

နယ်သာလန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ဘောလုံးခြေစစ်ပွဲ(ဥရောပဇုန်) အုပ်စုအဆင့်ပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၁ရက် မြန်မာစံတော်ချိန် နံနက် ၁နာရီ ၁၅မိနစ်အချိန်တွင် မော်လ်တာအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစား သွားမည်ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

0-0-0-0-0

## ပယ်လင်ဟာ ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာသွားဖွယ်ရှိ

**မြူးနစ် ဇွန် ၈**

ဘိုင်ယန်မြူးနစ်အသင်း ကွင်းလယ်ကစားသမား ပယ်လင်ဟာ လက်ရှိ နွေရာသီဈေးကွက်အတွင်းတွင် အသင်းမှ ထွက်ခွာသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် မန်ချက်စတာယူနိုက်တက်အသင်း အပါအဝင် ဥရောပကလပ်အသင်းများစွာကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။



ကွင်းလယ်ကစားသမား ပယ်လင်ဟာသည် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၄ပွဲသာ ပါဝင်ကစားရပြီး ပုံမှန်ပွဲထွက်ခွင့် မရရှိခြင်းကြောင့် အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

ထို့ကြောင့် ကွင်းလယ်ကစားသမား ပယ်လင်ဟာအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ဘိုင်ယန်မြူးနစ် အသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## မာတီတာအား စာချုပ်သက်တမ်းတိုးရန် ခရစ္စတယ်ပဲလေ့စ်အသင်းစီစဉ်

**လန်ဒန် ဇွန် ၈**

ခရစ္စတယ်ပဲလေ့စ်အသင်းသည် အသင်းတိုက်စစ်မှူး မာတီတာအား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၆ပွဲကစားပြီး ၄၃ဂိုး သွင်းယူကာ ခြေစွမ်းပြထားခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။ (ယာပုံ)

ခရစ္စတယ်ပဲလေ့စ်အသင်း ထုတ်ပြန်ချက်တွင် "မာတီတာအား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာအသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။ (NGB)




## အာမင်းပက်ဆီအား လီဗာပူးအသင်းခေါ်ယူ

**လန်ဒန် ဇွန် ၈**

လီဗာပူးအသင်းသည် ဟန်ဂေရီကလပ် Puskas Akademia အသင်း ဂိုးသမား အာမင်းပက်ဆီအား ကာလရှည်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၀)နှစ်အရွယ်ရှိ ဂိုးသမားသည် Puskas Akademia အသင်းနှင့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၆ပွဲကစားပြီး အကောင်းဆုံးလက်စွမ်းပြထားသလို၊ အနာဂတ်တွင်လည်း ထွန်းတောက်လာမည့် ဂိုးသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် လီဗာပူးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် လက်ရှိနွေရာသီဈေးကွက်အတွင်း တွင် ဖရင်းပေါင်၊ ယခု အာမင်းပက်ဆီစသည့် ကစားသမားနှစ်ဦးအထိ ခေါ်ယူအားဖြည့်ထားသလို၊ နောက်ထပ်လည်း ကစားသမားသစ်များ ဆက်လက်ခေါ်ယူအားဖြည့်သွားဦးမည်ဖြစ်သည်။

(အောက်ပုံ)(NGB)



## နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၉-၆-၂၀၂၅ တနင်္လာနေ့ | ည ၁၁း၃၀ နာရီ | လက်ဘွီစတိန်း - စကော့တလန် |
| ၁၀-၆-၂၀၂၅ အင်္ဂါနေ့ | နံနက် ၀၀း၃၀ နာရီ | မွန်တီနီဂရိုး - အာမေးနီးယား |

## ၂၀၂၆ ကမ္ဘာ့ဖလား ဘောလုံးခြေစစ်ပွဲ (ဥရောပဇုန်) အုပ်စုအဆင့် (ပွဲစဉ်-၄) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|---|
| ၉-၆-၂၀၂၅ တနင်္လာနေ့ | ည ၁၀း၃၀ နာရီ | J | ကာဇက်စတန် - မြောက်မက်ဆီဒိုးနီးယား | မြောက်မက်ဆီဒိုးနီးယား ၄-၀ ကာဇက်စတန် |
| ၁၀-၆-၂၀၂၅ အင်္ဂါနေ့ | နံနက် ၀၁း၁၅ နာရီ | I | အက်စ်တိုးနီးယား - နော်ဝေ | အက်စ်တိုးနီးယား ၀-၀ နော်ဝေ |
| ။ | ။ | J | ဘယ်လ်ဂျီယံ - ဝေးလ်စ် | ဘယ်လ်ဂျီယံ ၂-၁ ဝေးလ်စ် |
| ။ | ။ | L | ဖာရိုးကျွန်းစုများ - ဂျီဘရော်လ်တာ | ဂျီဘရော်လ်တာ ၀-၀ ဖာရိုးကျွန်းစုများ |
| ။ | ။ | I | အီတလီ - မော်လ်ဒိုဗာ | အီတလီ ၆-၀ မော်လ်ဒိုဗာ |
| ။ | ။ | L | ခရိုအေးရှား - ချက် | ခရိုအေးရှား ၁-၁ ချက် |

## ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ကျေးလက်ရေရရှိရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ပြီးစီးရေး ရေကော်မတီဝင်များနှင့် ညှိနှိုင်းဆွေးနွေး



**ညောင်ဦး ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေသအတွင်းရှိ ကျေးလက်နေပြည်သူများအား သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရန်အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (မူလ)ခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာ ရှစ်ရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အောင်မြင်စွာ ဆောင်ရွက်ပြီးစီးရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၆ ရက်က ညောင်ဦးခရိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (မူလ)ခွင့်ပြုရန်ပုံငွေဖြင့် ညောင်ဦးမြို့နယ်အတွင်း ကျေးရွာရှစ်ရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်မည့် အခြေအနေများနှင့် လုပ်ငန်းသုံးပစ္စည်းများ စုဆောင်းထားရှိမှု၊ ကျေးရွာရေကော်မတီဝင်များ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ရရှိမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာရှစ်ရွာမှ ရေကော်မတီဝင်များက မိမိတို့ ကျေးရွာအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်ရေရရှိရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းအရည်အသွေးများ ပြည့်မီရေး ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများကို ဆွေးနွေးတင်ပြကြရာ မြို့နယ်ဦးစီးမှူးက ကျေးရွာရေကော်မတီဝင်များ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ညောင်ဦးမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်း(မူလ) ခွင့်ပြုရန်ပုံငွေကျပ် ၂၇၁ ဒသမ ၃၀၀ သန်း အသုံးပြု၍ ကန်နီကြီးကျေးရွာ၊ ထနောင်းဝင်းကျေးရွာ၊ တောင်တောကျေးရွာ၊ ကန်တိန်ကျေးရွာ၊ စက်စက်ယိုကျေးရွာ၊ ရွာပုလဲကျေးရွာ၊ အောင်သာကျေးရွာနှင့် တယ်ပင်တဲကျေးရွာတို့တွင် ဒေသခံကျေးလက်နေပြည်သူများအား သန့်ရှင်းသောသောက်သုံးရေကို ရာသီမရွေး ဖူလုံစွာ ရေထုတ်ယူသုံးစွဲနိုင်ရန်အတွက် စက်ရေတွင်းများအား ဆိုလာတပ်ဆင်ခြင်း၊ 10 HP ရေထုတ်ပန့်များ လဲလှယ်တပ်ဆင်ခြင်း၊ ရေပိုက်လိုင်းများ သွယ်တန်းခြင်း၊ မြေသားမိုးရေလှောင်ကန်ပြုပြင်ထိန်းသိမ်းခြင်း စသည့် ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ဌာနမှ တာဝန်ယူ၍ ယခုနှစ် ဇွန် ၁ ရက်က လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပြီး အောက်တိုဘာလကုန်တွင် ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(အပေါ်ဝဲပုံ)

(၄၄၅)

* - * - * - * - *

## ဆင်ပေါင်ဝဲမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများနှင့် ပြည်သူများအား သွားကျန်းမာရေးပြဿနာများ ကြည့်ရှုဆေးကုသမှုပေးခြင်း ဆောင်ရွက်

**ဆင်ပေါင်ဝဲ ဇွန် ၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများနှင့် ပြည်သူများအား သွားကျန်းမာရေးပြဿနာများ ကြည့်ရှုဆေးကုသမှုပေးခြင်းကို ဇွန် ၅ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံအပေါ်ထပ်တွင် ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီ ဦးဆောင်၍ သွားဆရာဝန် ဒေါက်တာ အောင်ကျော်သူက နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများနှင့် ပြည်သူများအား သွားကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွားကျန်းမာရေး အသိပညာပေးခြင်းများဆောင်ရွက်ခဲ့ပြီး ဆေးဝါးများ အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



## အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**အောင်လံ ဇွန် ၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ မြို့အင်္ဂါရပ်နှင့်အညီ မြို့သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဇွန် ၇ ရက် နံနက် ၇ နာရီက အောင်လံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်၏ ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများ၊ ရပ်ကွက်နေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ကျောင်းဝင်းအတွင်းရှိ နွယ်၊ မြက်ပင်များ၊ ချုံနွယ်များ၊ သစ်ကိုင်းခြောက်များ၊ ပလတ်စတစ်အမှိုက်များအား စုပေါင်းသန့်ရှင်းခဲ့ပြီး ထွက်ရှိလာသော အမှိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဌာနပိုင် အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ သိမ်းဆည်းစွန့်ပစ်ခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

**အာကာ(ပြန်/ဆက်)**



## မိုးသီးနှံများ ထိခိုက်ပျက်စီးမှုအပေါ် မျိုးစေ့နှင့် သွင်းအားစုများထည့်သွင်းနိုင်ရန် ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပ

**မိုင်းဆတ် ဇွန် ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့၌ ရာဂီမုန်တိုင်းဒဏ်ကြောင့် စပါးနှင့် အခြားသီးနှံများ ပျက်စီးဆုံးရှုံးခဲ့ရသည့် တောင်သူများအား ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၆ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးက ရာဂီမုန်တိုင်းဒဏ်ကြောင့် မိုင်းဆတ်မြို့နယ်အတွင်းရှိ တောင်သူများ စိုက်ပျိုးထားသည့် မိုးသီးနှံများ ထိခိုက်ပျက်စီးခဲ့ရာ အဆိုပါထိခိုက်ပျက်စီးခဲ့ရသည့် စိုက်ပျိုးမြေများအတွင်း မျိုးစေ့နှင့် သွင်းအားစုများ ထည့်သွင်းနိုင်ရန် တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းညွန့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအားလွန်နှင့် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမင်းဇော်တို့က ရာဂီမုန်တိုင်းဒဏ်ကြောင့် စပါးနှင့် အခြားသီးနှံများ ပျက်စီးဆုံးရှုံးခဲ့ရသည့် မိုင်းဆတ်မြို့နယ်အတွင်းရှိ ကျေးရွာ ခုနစ်ရွာမှ တောင်သူ ၁၁၄ ဦး၏ စိုက်ဧက ၁၇၇ ဒသမ ၆၈ ဧကအား တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၇၇ ဒသမ ၆၈ သိန်းအား တောင်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ တစ်နှစ်ခွဲအောက်ကလေးငယ်များအား ကာကွယ်ဆေးတိုက်ကျွေးထိုးနှံပေးခြင်းများ ဆောင်ရွက်

**မြစ်သား ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် ကျန်းမာရေးဆရာမများနှင့် သားဖွားဆရာမများမှ မြို့ပေါ်(၆)ရပ်ကွက်ရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ တစ်နှစ်ခွဲအောက်ကလေးငယ်များအား လစဉ် ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်းကို ဇွန် ၄ ရက် နံနက်ပိုင်းက အဆိုပါမိခင်နှင့်ကလေးကျန်းမာရေးဌာနရုံးခန်းတွင် တိုက်ကျွေးထိုးနှံပေးခဲ့သည်။

ကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံပေးရာတွင် မြို့ပေါ်(၆)ရပ်ကွက်ရှိ မွေးကင်းစမှ တစ်နှစ်ခွဲအောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများဖြစ်သည့် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)ပိုး၊ ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်) ကာကွယ်ဆေးနှင့် ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုး၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော(ရိုတာ)၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗွီ) နှင့် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးများကို အသက်အရွယ်အပိုင်းအခြားအလိုက် တိုက်ကျွေးထိုးနှံခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်၊ ဆုံဆို့ ကာကွယ်ဆေးများကို ကျန်းမာရေးဝန်ထမ်းများက စနစ်တကျ တိုက်ကျွေးထိုးနှံပေးခဲ့သည်။

မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမများနှင့် သားဖွားဆရာမများက ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ တစ်နှစ်ခွဲအောက်ကလေးငယ်များအား လစဉ် သတ်မှတ်ရက်များတွင် ကာကွယ်ဆေးများကို ဆက်လက်ထိုးနှံတိုက်ကျွေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာနမှ သိရသည်။

(အောက်ပုံ)

**ဝါဝါမြင့်(မြစ်သား)**





# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် တက်ရောက်

**မကွေး ဇွန် ၈**

သစ်ပင်၊ သစ်တောများသည် လူသားများအပါအဝင် သက်ရှိအားလုံး ရှင်သန်ရပ်တည်နေထိုင်နိုင်ရန် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေသည့်အတွက် သစ်ပင်၊ သစ်တောများ မပြုန်းတီးစေရေးနှင့် သစ်တော၊ သစ်ပင်များ တိုးပွားရှင်သန်စေရန် နိုင်ငံတစ်ဝန်းတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို နှစ်စဉ်ကျင်းပဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့တွင် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၇ ရက် နံနက်ပိုင်းက အမှတ်(၅) စက်မှုသင်တန်းကျောင်းဝင်းအတွင်းတွင် ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့်ဇနီး၊ အနောက်ပိုင်းလေတပ်ကွပ်ကဲမှု ဌာနချုပ်မှူး၊ မကွေးလေတပ်စခန်း ဌာနချုပ်မှူး၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ အမှတ်(၅) စက်မှုသင်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများ၊ နယ်မြေခံတပ်မတော်စက်ရုံဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ပြီး မိုးရာသီသစ်ပင်များ တပျော်တပါး စိုက်ပျိုးခဲ့ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သတ်မှတ်ထားသည့်နေရာများတွင် သစ်ပင်များအား တက်ရောက်လာကြသူများနှင့်အတူ တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲတော်တွင် တပျော်တပါး စိုက်ပျိုးနေမှုများအား လှည့်လည်ကြည့်ရှုကြသည်။ အဆိုပါသစ်ပင်စိုက်ပျိုးပွဲတော်တွင် ယူကလစ် ၄၉၀ ပင်၊ ပန်းမဲဇလီ ၁၂၇ ပင်၊ ခရေ ၇၁ ပင်၊ တမာ ၁၀၅ ပင်၊ မယ်ဇယ်(မည်စည်) ၇၆ ပင်၊ ကုက္ကို ၅၄ ပင်၊ ဆီသပြေ ၅၇ ပင်၊ မဲဇလီ ၄၁ ပင်၊ ဖျောက်ဆိပ် ၆၆ ပင်၊ မာတာကွတ် ၁၃ ပင်၊ စုစုပေါင်း ၁၁၀၀ ပင်တို့ကို ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန် ရည်ရွယ်၍ သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**မောင်နိုင်မင်း(ပြန်/ဆက်)**

# သရက်မြို့၌ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**သရက် ဇွန် ၈**



မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မြို့၊ ရွာ သန့်ရှင်းသာယာလှပရေးအတွက် စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဆေးရုံများ၊ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ၊ လမ်းဆုံများတွင် အမှိုက်များသိမ်းဆည်းခြင်း၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၇ ရက် နံနက် ၇ နာရီက သာသနာ့ဗိမာန်၊ ရွှေသက်လွတ်ဘုရားဝင်းအတွင်းတွင် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများမှ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စုစုပေါင်း ၄၇၀ ဦးခန့်ဖြင့် သာသနာ့ဗိမာန်၊ ရွှေသက်လွတ်ဘုရားဝင်းအတွင်းရှိ သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များနှင့် အမှိုက်များကို ရှင်းလင်းဆောင်ရွက်ပေးခဲ့ပြီး စည်ပင်သာယာ အမှိုက်သိမ်းယာဉ်ဖြင့် သိမ်းဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) ဇော်ထက်(သရက်)**

# မိုးရာသီ သီးနှံစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေး

**ဆင်ပေါင်ဝဲ ဇွန် ၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများအတွက် ၂၀၂၅ ခုနှစ် မိုးရာသီ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးခြင်းကို ဇွန် ၇ ရက် မွန်းလွဲ ၁ နာရီက ထုတ်ချေးပေးခဲ့သည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးစန်းသော်က မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို ကျေးရွာအုပ်စုအလိုက် စပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ နှမ်းတစ်ဧက ငွေကျပ် ၁၀၀၀၀၀ နှုန်းတို့ကို အတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့် ထုတ်ချေးမှာဖြစ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရှိသည့် တောင်သူများကို ထုတ်ချေးပေးသွားမှာဖြစ်ကြောင်း၊ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးသော ကျေးရွာတောင်သူများကို သီးနှံအာမခံထားရှိရေး၊ စည်းရုံးရှင်းလင်းခြင်းနှင့် ကျေးရွာတောင်သူများကို ချေးငွေထုတ်ချေးသည့် စာချုပ်ပါ စည်းကမ်းချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် ယခင်စိုက်ပျိုးစရိတ်ချေးငွေများ ပြေကျေစွာ ပေးဆပ်ပြီးသူများကို ထုတ်ချေးပေးခြင်းဖြစ်ပြီး အမှတ် (၂) ရပ်ကွက်မှ တောင်သူ ၅၄ ဦး၏ စပါးသီးနှံ ၁၄ ဧက၊ အခြားသီးနှံ ၂၅၆ ဧကအတွက် ချေးငွေကျပ် ၂၇ ဒသမ ၇၀၀ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

(အောက်ပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



# မန္တလေးတိုင်းဒေသကြီး အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅)၏ အခွန်ဆိုင်ရာပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅)၏ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်း ဆွေးနွေးပွဲကို ဇွန် ၆ ရက် နံနက် ၁၀ နာရီခွဲတွင် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခွန်ဆိုင်ရာပညာပေး ရှင်းလင်းဆွေးနွေးပွဲတွင် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၅) ဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးအောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဆွေက ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများကို ပညာပေးရှင်းလင်းဆွေးနွေးခဲ့ရာ ကုမ္ပဏီလုပ်ငန်းရှင် စုစုပေါင်း ၈၁ ဦး တက်ရောက်ကြကြောင်းနှင့် အခွန်ဆိုင်ရာသိကောင်းစရာ လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၉၃)**



# မြစ်သားမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ စိုက်ပျိုးထားသည့် နှမ်းစိုက်ပျိုးခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**မြစ်သား ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများက ပန်းလောင်မြစ်မှ မြစ်ရေတင်ခြင်းဖြင့် နှမ်းဖြူများကို စိုက်ပျိုးလုပ်ကိုင်ကြပြီး ယခုနှစ်တွင် နှမ်းဖြူများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

မြစ်သားမြို့နယ်တွင် စိုက်ပျိုးရေးအဆင်ပြေမှုကြောင့် သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ကောင်းမွန်သဖြင့် ဒေသခံတောင်သူများက သီးနှံများကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ကိုင်လျက်ရှိရာ ယခုအခါ နှမ်းဖြူစိုက်တောင်သူများသည် ပေါင်ကန့်ရေသွင်းစနစ်ဖြင့် မျိုးစေ့ချစိုက်ပျိုးခြင်းဖြစ်ပြီး တစ်ဧကလျှင် တစ်ပြည်နှင့် လေးဘူးသာ ကုန်ကျ၍ နှစ်လခန့်အကြာတွင် နှမ်းဖြူစိုက်ခင်းများ အပွင့်၊ အသီးစတင်ဖူးပွင့်ပြီး လေးလခန့်အကြာတွင် စတင်ရိတ်သိမ်း၍ရကြောင်း၊ ယခုနှစ်တွင် နှမ်းဖြူတစ်တင်းကို ငွေကျပ် ၁၃၅၀၀၀ ရောင်းချရ၍ စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း ပေါင်ကန့်ရေသွင်းစနစ်ဖြင့် နှမ်းဖြူစိုက်ပျိုးသောတောင်သူ ဦးဇော်နိုင်ထံမှ သိရသည်။



မြစ်သားမြို့နယ်အတွင်းရှိ ယခုနှစ် နှမ်းစိုက်ပျိုးခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ဒေသခံတောင်သူများအနေဖြင့် နှမ်းများ ရိတ်သိမ်းပြီးစီးချိန်တွင် မိုးစပါးသီးနှံများကို ထပ်မံစိုက်ပျိုးသွားမည်ဖြစ်ပြီး သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့် သီးထပ်သီးနှံများ စိုက်ပျိုးရန်အတွက် သက်တမ်းတိုပြီး အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များကိုသာ ရွေးချယ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

ဝတ္ထုတိုကဏ္ဍ

# မြင်ကွင်းကျယ် အချစ်ဝတ္ထု

နေမျိုး



(၂-၆-၂၀၂၅)ရက်နေ့
စာမျက်နှာ-၁၄ မှအဆက်

နောက်က လူလိုက်ခြင်းခံနေရသလို မလုံမလဲအမူအရာမျိုးဖြင့် ဘေးဘီဝဲယာကို မျက်တောင်တဖျပ်ဖျပ်ပုတ်ခတ်ကြည့်ပြီး ဦးခေါင်းကို ညွှတ်ကာ လေသံတိမ်တိမ်ကလေးဖြင့် "ရဲဘော်… ဒီမှာ အရင်းကျမ်းဆလက်ဘက်ဝါ့ဒ်နဲ့ ယင်အန်းမိန့်ခွန်းတွေရနိုင်မလား"ဟုမေးတတ်သော လူတစ်ဦး၏အမူအရာက ကျွန်တော်တို့တွေ့ဖူးသမျှထဲတွင် အရယ်ရဆုံးနှင့် သနားစရာအကောင်းဆုံးပြက်လုံးတစ်ခု ဖြစ်ခဲ့သည်။ ကျွန်တော်တို့ထံမှ မရှိဘူး၊ ရှိတယ်ဟူသော အကြောင်းပြန်ကြားချက် တစ်စုံတစ်ရာကို ရယူပြီးသောအခါ သူသည် ပြဇာတ်တစ်ပုဒ်၏ အရေးပါလှသော ဇာတ်ဝင်ခန်းတစ်ခုတွင် သရုပ်ဆောင် ကပြနေသူတစ်ဦး၏ ဟန်ပန်အမူအရာမျိုးဖြင့် ကုပ်ချောင်းချောင်းထွက်ခွာသွားလေ့ရှိ၏။ သူ၏ အမူအရာကို ကျွန်တော် ကောင်းစွာမှတ်မိနေခဲ့သည်။ ယခုအချိန်တွင်မူ ထိုသူရှိမည်မဟုတ်ပါ။

ခင်းကျင်းပြသထားသော ရောင်းကုန်မှာ ခပ်ဟောင်းဟောင်းစာအုပ်များသာဖြစ်သဖြင့် စိတ်ဝင်စားသူ သိပ်မရှိချေ။ လူအနည်းငယ်သာလျှင် ဤဆိုင်ကလေးမှ စာအုပ်အဟောင်းများကို စိတ်ပါဝင်စားစွာ ကြည့်ရှုတတ်၏။ ဝယ်သူရောက်လာလျှင် သူနှင့် ကျွန်တော်သည် စာအုပ်ဟောင်းများ၏ ရှားပါးပုံ၊ စာပေအနုပညာအဆင့်အတန်းမြင့်မားပုံနှင့် အဖိုးနှုန်းမကြီးမြင့်လှကြောင်းတို့ကို အလျှင်းသင့်သလို ပြောကြပါတော့သည်။

"ဟုတ်ကဲ့… ယူကြည့်ပါခင်ဗျာ၊ စာအုပ်ကတော့ တော်တော်ကလေး ဟောင်းနေပြီပေါ့ဗျာ၊ အဲ့ဒီစာအုပ်က လွန်ခဲ့တဲ့ နှစ်တစ်ရာနီးပါးလောက်က အင်္ဂလန်မှာ ထုတ်ဝေခဲ့တဲ့ စာအုပ်ပါပဲ။ ပြီးတော့ ဒီစာအုပ်က တော်တော်လေး ရှားပါတယ်။ တစ်မြို့လုံးမှာ သုံးအုပ်ပဲ ရှိတယ်ဗျ။ ရှားလော့ဗရွန်တေရဲ့ အသိမ်မွေ့ဆုံး၊ အထက်မြက်ဆုံးလက်ရာလို့ ဆိုကြပါတယ်၊ မများပါဘူး၊ တစ်ဆယ့်ငါးကျပ်တည်းပါ"

"ဟောဒီ ကျွန်တော့်သူငယ်ချင်းကဆို ရောင်းမစားပါနဲ့ကွာလို့တောင် ဘားသေးတယ်ဗျ။ အဲ…ဒါပေမဲ့"

စကားပြောရင်း အရှိန်လွန်ကာ ဤသို့ ကျွန်တော့်ကို ဆွဲထည့်သွားတတ်သည့်အခါမျိုးလည်း ရှိ၏။ တစ်ခါတစ်ရံ ကတ်သီးကတ်သတ် ဈေးဆစ်ခြင်းကိုလည်း ခံရတတ်ပါသေးသည်။ ထိုအခါမျိုး၌ ဈေးဆစ်သော စာအုပ်မှာ အစားပြန်ရှာ၍ ရနိုင်သော စာအုပ်မျိုးဖြစ်နေလျှင် နားပူခံမနေတော့ဘဲ တော်သလို ကြည့်ရောင်းလိုက်သည်သာ ဖြစ်၏။ ရှားပါးစာအုပ် အစားပြန်ရှာ၍ မရနိုင်သော စာအုပ်မျိုးဆိုလျှင်တော့ လုလုပပ ငြင်းပစ်လိုက်ရသည်။

"စိတ်မရှိပါနဲ့၊ ဂျွန်စတိုင်းဘက်ရဲ့ Of Mice and Man ဝတ္ထုက နောက်ထပ်ပြန်ရှာဖို့ မလွယ်တော့ပါဘူး၊ ခင်ဗျားတို့က ရောင်းမယ်ဆိုရင်တောင် ခုပြောတဲ့ဈေးနဲ့ ပြန်ဝယ်ပါဦးမယ်"

တစ်စတစ်စနှင့် လူသူရှင်းလင်းစပြုလာသောအခါ သူနှင့်ကျွန်တော်သည် စာအုပ်များအား စတင် သိမ်းဆည်းကြပြီး စာအုပ်များကို အရွယ်အစားအလိုက် စီထပ်ကာ ကြိုးတစ်ချောင်းဖြင့် ချည်နှောင်၊ ထင်းရှူးသေတ္တာပုံးထဲထည့်၊ ထိုညများတွင် ကျွန်တော်တို့သည် တော်တော်နှင့် မအိပ်ဖြစ်ကြ၊ လက်ဖက်ရည်ဆိုင်မှာ မိုးကြီးချုပ်သည်အထိ ဆက်ထိုင်ကြသည်။ စာအုပ်များ စတင်သိမ်းဆည်းချိန်လောက်ကပင် ညသောက်မည့် လက်ဖက်ရည်ဆိုင်ကို ရွေးချယ်ပြီးခဲ့ကြပြီ ဖြစ်သည်။ စာအုပ်အဝယ်ကျ၍ ရောင်းကောင်းသော ညများတွင်…

"ဒီနေ့ ရောင်းကောင်းတယ်ဟေ့၊ မင်းကို ကိုယ်တစ်ခုခုကျွေးရမယ်ကွ"

"အေး… လမ်းမှာ ခေါက်ဆွဲပြုတ်သွားစားရအောင်"

"ငြင်းဖို့ မလိုအပ်တော့အောင် ကောင်းမွန်တဲ့အစီအစဉ်တစ်ရပ်ပါပဲ"

၃၅(A)လမ်းနှင့် ၈၂ လမ်းထောင့်ရှိ ညပိုင်း ဖွင့်လှစ်ရောင်းချသော တရုတ်ခေါက်ဆွဲဆိုင်ကလေးမှာ သူနှင့် ကျွန်တော် စားလေ့ရှိသော ဆိုင်ကလေးဖြစ်သည်။ လမ်းဘေးခေါက်ဆွဲဆိုင်ကလေးသို့ ကျွန်တော်တို့ ရောက်ရှိသွားကြချိန်တွင် မိုးချုပ်၍ ညဥ့်နက်လာပြီ ဖြစ်၏။ မီးမပြတ်ထိုးထားသော ဟင်းချိုအိုးမှာ အခိုးတလူလူထလျက် ဟင်းရည်မှာ ကျနေပြီဖြစ်၏။

"အစ်ကိုကြီးတို့ ဘာရှားမရဲ"

ခွေးခြေခုံပုပုကလေးများပေါ်သို့ ထိုင်လိုက်သည်နှင့် ခေါက်ဆွဲတရုတ်ကြီး၏ အသံကို ကြားရစမြဲဖြစ်သည်။ ကျွန်တော်နှင့် ကျွန်တော့်မိတ်ဆွေသည် ခေါက်ဆွဲတစ်ခွက်စီ မှာစားရင်း တရုတ်ကြီး၏ ဗမာရေလည်ပုံကို ပြောဆိုကာ ချီးကျူးရယ်မောဖြစ်ခဲ့ကြသည်။ ခေါက်ဆွဲရောင်းသော တရုတ်ကြီးမှာ အသက်အရွယ်အားဖြင့် ကျွန်တော်တို့ထက် နှစ်ဆမျှ ကြီးသူတစ်ယောက်ဖြစ်လိမ့်မည်။ သို့သော် သူသည် ကျွန်တော်တို့အား အစ်ကိုကြီးတို့ဟု ခေါ်တတ်သူဖြစ်သည်။ ရွှေကွပ်ထားသော သွားများ ဖော်လျက် အချိန်ကြာမြင့်စွာ (အသက်ကင်းမဲ့စွာ)ပြုံးရယ်ထားနိုင်သူဖြစ်သည်။ စွပ်ကျယ်လက်ပွအင်္ကျီ၊ ကာကီဘောင်းဘီဖားဖားကြီးနှင့် အမြဲတစေတွေ့ရ၏။ ထိုအင်္ကျီနှင့် ထိုဘောင်းဘီမှ ပြောင်းလဲဝတ်ဆင်သောအခါဟူ၍ မရှိတော့ဟု ထင်စရာကောင်းလောက်အောင်ပင် စွဲစွဲမြဲမြဲဝတ်ဆင်တတ်၏။ နီစပ်စပ် အသားအရေသည် ကာကီဘောင်းဘီကြီးထက်မှ စူပွထွက်လျက်ရှိ၏။ လက်တစ်ဖက်က လေးထောင့်ဓားပြားကို အသေဆုပ်ကိုင်လျက် အခြားလက်တစ်ဖက်က စက်တပ်ထားသလို ဟိုဟိုသည်သည် လှည့်လည်လှုပ်ရှားလျက်ရှိ၏။ ဓားသွားကြီးကို နှစ်မြုပ်ကာ တရှီရှီလှီးဖြတ်နေပုံမှာ ကြည့်၍ပင် ကောင်းသေးတော့၏။ စက္ကူတစ်ချပ်မျှ ပါးလွှာသော အသားဖတ်များရအောင်ပင် လှီးဖြတ်နိုင်သော ကျွမ်းကျင်မှုကို ကျွန်တော်တို့ သဘောကျခဲ့ကြသည်။ (ထို့ကြောင့်ပင် တရုတ်ကြီး၏လက်ထဲမှ ဓားပြားကြီးကို ကျွန်တော့်မိတ်ဆွေက အမည်တစ်ခုပေးခဲ့ခြင်း ဖြစ်သည်။)

တစ်ခါတစ်ရံ သူ့ဆိုင်တွင် စားသောက်သူရှင်းလင်းလျက်ရှိသောအခါ တွန်းလှည်းကလေးနောက်၌ စားသောက်သူကို ငေးမျှော်ရင်း ကွတတ ရပ်နေပုံမှာ ဆိုင်ရှေ့တွင် ချိတ်ဆွဲထားသော ဘဲကင်တစ်ကောင်လို ခြေကားရားလက်ကားရားနှင့် ရယ်စရာကောင်းနေတတ်လေသည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော်နှင့် ကျွန်တော့်မိတ်ဆွေသည် ထိုဆိုင်ကလေးမှာ ခေါက်ဆွဲတစ်ခွက်စီမှာစားရင်း၊ ဟင်းချိုပူပူကို မှုတ်သောက်ရင်း ပါးပါးပါးပါး အလှီးဖြတ်ခံရသော သူတို့၏ အကြောင်းများကို ပြောဆိုဖြစ်ခဲ့ကြသည်။

ကျွန်တော်သည် တိတ်ဆိတ်လှသော လမ်းကလေးအတိုင်း လျှောက်လာခဲ့သည်။ လေတရှိုရှိုချွန်ရင်း မပျင်းမရိ လမ်းလျှောက်တတ်သူ၊ ရယ်စရာ၊ မောစရာများ ခပ်သောသော ပြောတတ်သူ ကျွန်တော့်မိတ်ဆွေတစ်ဦးကို သတိရလာသည်။လူတစ်ဦးမှာအနည်းဆုံး စကားပြောဖော်ရွှေ၍ ခင်မင်နှစ်လိုဖွယ်ကောင်းသော သူငယ်ချင်းတစ်ဦးလောက်တော့ ရှိသင့်သည်။

"ဒေါင် … "

သံချောင်းခေါက်သံက ချွဲချွဲတာတာ နိုင်လွန်းလှသည်။ ဘူတာရုံလမ်းနံဘေးရှိ လက်ဖက်ရည်ဆိုင်ကလေးသို့ ကျွန်တော်ဝင်ထိုင်လိုက်သည်။ စားပွဲအချို့မှာ ဟာလာဟင်းလင်း။

ထောင့်စွန်းစားပွဲတစ်ခုမှာတော့ လူသုံးဦးအကြောင်းအရာတစ်ခုကို ပြောဆိုနေကြဟန်ရှိ၏။ သူတို့ ပြောဆိုနေကြပုံမှာ နိုင်ငံတကာအခြေအနေတင်းမာမှုများထက်ပင် ပို၍ ရှုပ်ထွေးလေးနက်သော အကြောင်းအရာကို တွေ့ရှိထားပုံမျိုးဖြစ်၏။ (လူတစ်ယောက်၏ ဘဝကျင်လည်နေမှုသည် နိုင်ငံတကာအခြေအနေများထက် ပို၍ ကြီးကျယ်လေးနက်ခွင့်ရှိပါသည်။) တစ်ယောက်က ဂင်တိုတို၊ ဗလကောင်းကောင်း၊ မျက်နှာမှာ နီစပ်စပ်နှင့် အဆီပြန်ကာ ပြောင်ချောနေသည်။ တစ်ယောက်က နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ဗရပျစ် ရှုပ်ထွေးလျက် ရုပ်ရည်ခပ်ကြမ်းကြမ်း (အမှိုက်စများထည့်ထားသော ဂေါ်ပြားတစ်လက်နှင့်တူသော မျက်နှာဖြစ်သည်။) နောက်တစ်ယောက်ကတော့ ဆောင်းညတစ်ညက ကျွန်တော်မှတ်မိနေသော အမျိုးသမီးတစ်ဦး၊ ဂေါ်ပြားမျက်နှာနှင့် လူထံမှ ညစ်ပတ်စုတ်ပွဲသော စကားသံများ ကျဆင်းလာ၏။ သူတို့စကားဝိုင်းမှ ရယ်သံအကျိုးအပဲ့များ လွင့်လာသေး၏။

များမကြာမီမှာပင် ဘူတာရုံဘက်ဆီမှ ရထားတစ်စင်း ခုတ်မောင်းဝင်လာသံသဲ့သဲ့ကို တစ်ဆက်တည်း ကြားလိုက်ရ၏။ ကျွန်တော့်အတွက် မှာယူထားသော လက်ဖက်ရည်နှင် ကြက်ဥပြုတ်လည်း ရောက်ရှိလာပြီဖြစ်သည်။ လက်ဖက်ရည်နှင့် ကြက်ဥပြုတ်ကို စားသောက်နေစဉ်မှာပင် ဆိုင်အတွင်းသို့ လူတစ်ဦး ထပ်မံဝင်ရောက်လာသည်။ ဒယီးဒယိုင်ခြေလှမ်းများသည် ထိုသူကို အနိုင်နိုင်သယ်ဆောင်လာ၏။

"ဘာလာရှုပ်တာလဲ အဘိုးကြီး"

ဂေါ်ပြားမျက်နှာနှင့် လူက ခပ်ဆတ်ဆတ်အော်လိုက်သည်။ အဘိုးကြီးသည် သူတို့စကားဝိုင်းအနီးတွင် ခေတ္တမျှ တုံ့ဆိုင်းသွားကာ စိုက်ကြည့်နေ၏။ ဂေါ်ပြားမျက်နှာနှင့်လူက အဘိုးကြီးအား ကော်ထုတ်ပစ်လိုဟန်ဖြင့် ကြည့်နေသည်။ ပြီးမှ ငွေစက္ကူတစ်ချပ်ကို ဆွဲထုတ်ကာ

"ရော့… အဘိုးကြီး၊ ခင်ဗျား ဘာသာ အေးအေးဆေးဆေးသွားမူးနေစမ်း၊ ဒီမှာ အလုပ် လုပ်နေတာ အမှိုက်လာရှုပ်မနေနဲ့"

စကားသံအဆုံးတွင် အဘိုးကြီးသည် ယိုင်နဲ့နဲ့ဖြင့် စားပွဲတစ်လုံးကို ကွေ့ကာပတ်ကာ ကိုးရိုးကားရား ခြေလှမ်းများဖြင့် လမ်းပေါ်သို့ ပြန်ရောက်သွားပြန်သည်။

"ပါပါ သိပ်မူးနေလိမ့်မယ်။ ဒီအတိုင်းဆို မဖြစ်သေးဘူး၊ ကျွန်မ အိမ်ပြန်ပို့မှ သူ့ရောဂါက"

"ဟာ… နင်ကလဲ"

ထောင့်စွန်းစားပွဲဝိုင်းမှ စကားသံအချို့ ပီသထင်ရှားလာကာ အကြောင်းအရာတစ်ခုအဖြစ်သို့ ရောက်ရှိလာ၏။ ဘူတာရုံဘက်မှာတော့ အဝါရောင်မီးပွင့်ကြီးများနှင့် ငေါထွက်နေသော ဓာတ်တိုင်ရှည်များကို တွေ့ရလေသည်။ ညသည် ခြေသံအချို့နှင့်အတူ ပြန်လည်တိတ်ဆိတ်သွားပြန်၏။ **(ဆက်လက်ဖော်ပြပါမည်။)**

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားနှင့် ရောင်စုံပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



**ကန့်ဘလူ ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားနှင့် ရောင်စုံပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၅ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ အခမ်းအနား မစတင်မီ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဦးက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် အရိပ်ရသစ်ပင် ပျဉ်းကတိုးပင်၊ စိန်ပန်းပင်နှင့် ခရေပင်တို့ကို ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ ခရိုင်စုပေါင်းရုံးဝန်းအတွင်းတွင် စိုက်ပျိုးပေးခဲ့သည်။

ဆက်လက်၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနား ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်တာဝန်ခံ ဦးညီညီစိုးက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံနှင့် ရောင်စုံပန်းချီပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပန်းချီဆရာကြီး ဦးစိုးမြင့်ဝေက ရောင်စုံပန်းချီပြိုင်ပွဲ ဆုရွေးချယ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားခဲ့သည်။

ထို့နောက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ရောင်စုံပန်းချီပြိုင်ပွဲ အလယ်တန်းဆင့်နှင့် မူလတန်းဆင့်ပန်းချီပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်တာဝန်ခံတို့က ဆုများ အသီးသီးချီးမြှင့်ပေးအပ်ပြီး ဆုရရှိသူများကိုယ်စား အလယ်တန်းဆင့်ပန်းချီပြိုင်ပွဲတွင် ပထမဆုရရှိသော မခင်ထက်တုဟန်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ပြည်သူ့စာကြည့်တိုက်တွင် HMPV ဗိုင်းရပ်စ်အကြောင်း သိကောင်းစရာ အသိပညာပေး ဆွေးနွေးပွဲ (Talk Show) ကျင်းပ

**တောင်တွင်းကြီး ဇွန် ၈**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်အနေဖြင့် ပြည်သူ့အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့မွန်းလွဲ ၁ နာရီက HMPV ဗိုင်းရပ်စ်အကြောင်း သိကောင်းစရာ အသိပညာပေးဆွေးနွေးပွဲ (Talk Show) ကျင်းပသည်။ **(ဝဲပုံ)**




အဆိုပါ ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်နှင့် ရုပ်သံကျွမ်းကျင်(၃) ဒေါ်မိုင်စန်းသီတာဌေးတို့က အသက်ရှူလမ်းကြောင်းဆိုင်ရာ HMPV ဗိုင်းရပ်စ်ပိုး ဖြစ်ပွားတတ်သည့်အချိန်နှင့် ကူးစက်ဖြစ်ပွားပုံများအကြောင်း၊ ရောဂါလက္ခဏာများအကြောင်းနှင့် ကာကွယ်ရမည့်နည်းလမ်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။

အဆိုပါ အသိပညာပေး ဆွေးနွေးပွဲ (Talk Show) ကို ပြည်သူများ အသက်ရှူလမ်းကြောင်းဆိုင်ရာ HMPV ဗိုင်းရပ်စ်နှင့် ပတ်သက်၍ လေ့လာသိရှိနိုင်စေရန်အတွက် တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက် page မှ ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။**နောင်နောင်(ဗိဿနိုးမြေ)**

# အခွန်ဆိုင်ရာအကြောင်း အသိပညာပေးဟောပြောပွဲ ဆောင်ရွက်

**ပွင့်ဖြူ ဇွန် ၈**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့်အညီ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်များနှင့်ပတ်သက်ပြီး အခွန်ကဏ္ဍတစ်ရပ်ချင်းစီအလိုက် အခွန်ဆိုင်ရာအကြောင်း အသိပညာပေးရှင်းလင်းဟောပြောပွဲကို ဇွန် ၅ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဗိုလ်ဥတ္တမခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်အခွန်ဦးစီးဌာန ဌာနမှူး ဒေါ်ဇာလီဖြိုးက အခွန်နှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ သိရှိလိုက်နာနိုင်ရန် ထုတ်ပြန်ထားသော တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ်များ၊ အခွန်ဆောင်ရန် ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များ စသည့် အခွန်ဆိုင်ရာများကို အခွန်ထမ်းပြည်သူများအား ရှင်းလင်းဟောပြောပြီး ဟောပြောပွဲတက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးချက်များကို အသေးစိတ်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။ **(၄၄၅)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်

## မြန်မာကဗျာ မော်ကွန်းလွှာ

* မြန်မာကဗျာ အလင်္ကာသည်
ကာရံလည်းပါ အသံသာသည်
ကဗျာဖွဲ့နည်း နိဿရည်းက
စည်းစနစ်ကျ လှပစုံလင်
ဂန္ထဝင်မြောက် စံတင်လောက်အောင်
မှတ်ကျောက်ကမ္ပည်း တင်ခဲ့ကြသည် ။

* ရှေးက ကဝိပညာရှိတို့
တတ်သည့်ပညာ စာပေကျမ်းဂန်
ရေးဟန်ရေးနည်း ရေးရိုးရေးမူ
သင်ယူလေ့လာ ဆည်းပူးပါမှ
ပညာစုံတတ်ကျွမ်း နည်းလမ်းကျမည် ။

* အတွေးအခေါ် အမြော်အမြင်
ခေတ်နဲ့ယှဉ်ပြေး ဉာဏ်ရည်သွေးကြ
အတွေးရသ ဒဿနတွေ
ရေးကြမှတ်ကြ ပြုစုကြလေ
စာပေမြင့်မှ လူမျိုးတင့်တယ် ဂုဏ်ဝင့်ထည်မည် ။

* တန်ဖိုးအနဂ္ဃ ထိုက်တန်လှသည့်
စာ,ရတနာ ပညာတန်ဖိုး
ချစ်မြတ်နိုးစွာ ထိန်းသိမ်းပါမှ
မြန်မာကဗျာ မော်ကွန်းလွှာတွေ
သက္ကရာဇ်များစွာ ရှင်သန်နေမည် ။ ။

မိုးထက်ကို(အမရပူရ)

# စာဖတ်ရှိန်မြှင့်တင်ရေး ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာဖတ်သူလက်ဝယ်အရောက် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

**ဇမ္ဗူသီရိ ဇွန် ၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာဖတ်သူလက်ဝယ်အရောက် စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးရုံးတွင် အခမဲ့ငှားရမ်းပေးခဲ့သည်။



ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများ အလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်စေရေး၊ စာပေမှရရှိသည့် အသိပညာဗဟုသုတများ တိုးပွားစေရေးနှင့် စာပေဖတ်ရှုသည့်အလေ့အထများ ရရှိစေရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပြီး ရပ်ကွက်၊ ကျေးရွာများ၊ ဌာနဆိုင်ရာရုံးများနှင့် စာသင်ကျောင်းများအရောက် လိုက်လံငှားရမ်းပေးခြင်းအပြင် မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင်လည်း မည်သူမဆို အခမဲ့ လာရောက် ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# ကျွန်တော်၊ အဓိပ္ပာယ်ရှိသော ဘဝနှင့် သူတို့

ဦးခေ

နေ့စဉ်ဝတ္တရားတစ်ခု၏ အလေ့အကျင့်ကြောင့် စောစီးစွာ အိပ်ရာမှ နိုးထခဲ့ပြီး ပြုဖွယ်ရှိသော သွားတိုက်၊ မျက်နှာသစ်ကိစ္စ၊ ကျန်းမာရေးကိစ္စများဆောင်ရွက်၍ သင့်တော်မည့် အဝတ်အစားလဲလှယ်ကာ ဘာသာရေးဝေယျာဝစ္စများကို ၁၅ မိနစ်ခန့် ကုသိုလ်ယူလိုက်သည်။ ထို့နောက် အိမ်ပြင်သို့ထွက်၍ အေးမြသော လေကို ရှူရှိုက်ရင်း နံနက်ခင်းလမ်းလျှောက်ခြင်းအမှုကိစ္စအား စတင်လိုက်ပါသည်။

မန္တလေး မိုးဦးကျ နံနက်ခင်း၏ အေးမြမြအရသာကို ခံစားရင်း ၂၆ လမ်းနှင့် ၆၆လမ်းကျုံးထောင့်သို့ ဦးတည်လျှောက်လာခဲ့သည်။ ကျုံးထောင့်ရှိ (Hight Mark Pole)မှ ဖြာကျနေသော ဝါကျင့်ကျင့် အလင်းရောင်ကို အဝေးမှပင် မြင်နေရသည်။ ကျုံးထောင့်သို့ရောက်သော် ခေတ္တရပ်၍ ကျုံးရေပြင်နှင့် မန္တလေးတောင်အလှကို တဝကြီး ခံစားပြီး ခေတ်မီသပ်ရပ်ခိုင်ခံ့သော ကျုံး၏ အကာအရံတန်းများဘေးမှ အနောက်ဘက်သို့ ဆက်လျှောက်လာခဲ့သည်။

အတန်ငယ်လျှောက်မိသောအခါ ၂၆ လမ်း ကတ္တရာလမ်းအစပ်၌ တံမြက်စည်းလှည်းနေသော သန့်ရှင်းရေးဝန်ထမ်း အဒေါ်ကြီးနှင့်တွေ့၍ နေ့စဉ်ပြုနေကြ အစဉ်အလာအတိုင်း လက်ပြနှုတ်ဆက်လိုက်သည်။ ထိုစဉ် ၂၆ လမ်းအတိုင်း အရှေ့မှ အနောက်သို့ အရှိန်ပြင်းပြင်းဖြင့် မောင်းနှင်လာသော ယာဉ်ငယ်တစ်စီးသည် တံမြက်စည်းလှည်းနေသော အဒေါ်ကြီးနားအရောက်တွင် ကျယ်လောင်သော ဟွန်းသံကို သံရှည်တီး၍ အရှိန်ပြင်းစွာ မောင်းနှင်သွားပါသည်။ ကတ္တရာလမ်းအစပ်တွင် တံမြက်စည်းလှည်းနေသဖြင့် ယာဉ်လမ်းကြောနှင့်လွတ်ကင်းသော်လည်း အမြန်မောင်းနှင်လာသော ယာဉ်မောင်း၏ မြင်ကွင်းတွင် စိတ်အနှောင့်အယှက်ဖြစ်ဟန်တူပါသည်။ မောင်းနှင်သွားသော ယာဉ်၏အသံနှင့် ဟွန်းသံက ယာဉ်မောင်း၏ စိတ်အလိုမကျမှုကို ခန့်မှန်းနိုင်ပါသည်။ အဒေါ်ကြီးသည် အနည်းငယ်လန့်သွားသောဟန်ဖြင့် တံမြက်စည်းကိုင်လျက်ရပ်နေပြီး ယာဉ်မောင်းနှင်သွားရာဘက်သို့ လိုက်လံကြည့်ရှုနေပါသည်။ ထိုအချိန်တွင် ကျွန်တော်သည် အဒေါ်ကြီးအနီးသို့ ရောက်နေသဖြင့် အဒေါ်ကြီး၏ မျက်ဝန်းများကို အကဲခတ်မိသည်။ မျက်ဝန်းတို့တွင် ဒေါသမပါ အပြစ်တင်သော မျက်ဝန်းများမဟုတ်၊ ကြောက်ရွံ့သော၊ တောင်းပန်သော မျက်ဝန်းများဖြစ်ကြောင်း ကောင်းစွာ အကဲခတ်မိသည်။ သူသည် ဝမ်းရေးနှင့်ဆက်စပ်သော တာဝန်ကို ကျေပွန်စွာနှင့် စေတနာပါပါ ဆောင်ရွက်ရင်း သူမှားယွင်းခြင်းမရှိသော ကိစ္စတစ်ခုအတွက် မျက်ဝန်းများဖြင့် တောင်းပန်နေဟန်ကို မြင်ရသည်။ ထိုအဒေါ်ကြီးသည် သူ့ဘဝတစ်လျှောက်လုံး မျက်ဝန်းများဖြင့်သာ စကားပြောနိုင်ခဲ့ပြီး ဘဝကို ရိုးရိုးသားသားနှင့် သန့်ရှင်းရေးအလုပ်သမားအဖြစ် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်ကို နေ့စဉ် ဆုံနေကျဖြစ်သောကျွန်တော် သိခဲ့ပြီးဖြစ်ပါသည်။ ဘဝပေးအခြေအနေအရ အားနည်းချက်ရှိသော်လည်း ရိုးသားစွာလုပ်ကိုင်စားသောက်၍ မိမိအလုပ်အပေါ် စေတနာပါပါဖြင့် မခိုမကပ် တာဝန်ကျေစွာ ထမ်းဆောင်တတ်သော အဒေါ်ကြီး၏ စိတ်ဓာတ်ကိုလည်း လေးစားမိပါသည်။

ဆက်လက်၍ ကျုံးဘေးအတိုင်း လျှောက်လာခဲ့ရာ အနောက်ဘက်ကောင်းကင်၌ ဝင်လုဆဲဆဲ ဝါဝင်းသော 'လ'၏ နောက်ခံအလှနှင့် ကျုံးအတွင်း ရေပန်းမှ ရွှေမှုန်များ ကြဲပက်သကဲ့သို့ ရေပန်းရေမွှားများ တိုးထွက်နေသည်မှာ ရှုးလောက်သည့် အလှတရားတစ်ခုပင်။ မန္တလေးကျုံးနံဘေး၏ အလှတရားများကား စာရေးဖွဲ့သီ မီမထင်ပေ။ အေးမြလတ်ဆတ်သည့်လေကို ရှူရှိုက်ရင်း ကြည်နူးဖွယ်လှပသော မြင်ကွင်းများကိုကြည့်ရင်း လမ်းလျှောက်ရသည်မှာ မိမိ၏ခန္ဓာကိုယ် လွင့်မျောပေါ့ပါးလာသလို ထင်မိသည်။

၇၃လမ်း မီးပွိုင့်ကို ကျော်လာချိန်တွင်ကား ခင်မင်ခဲ့ဖူးသော လူတစ်ဦးကို သတိရမိသည်။ နံနက်ခင်းလမ်းလျှောက်ချိန်တွင် တွေ့နေကြဖြစ်သော ထိုလူသည် နေ့စဉ် ငှက်စာ၊ ခိုစာ ကျွေးနေတတ်သူ၊ မျက်နှာအစ်အစ်နှင့် ကွမ်းအဆက်မပြတ်ဝါးပြီး အမြဲပြုံးနေတတ်သူ၊ 'ဘာကူညီရမလဲ အကူအညီလိုရင်ပြောနော်'ဟု အမြဲနှုတ်ဆက်တတ်သူ ဖြစ်သည်။ လူအတော်များများက သူနှင့် နှုတ်ဆက်ရမှာကို ကြောက်ကြသည်။ သူနှင့် ဆုံတွေ့ရမှာကို တွန့်ကြသည်။ အချို့ဆိုလျှင် မျက်နှာချင်းဆိုင်တွေ့လျှင်ပင် မမြင်ဟန်ပြုကြသည်။ သို့သော် တစ်ချိန်တွင်ကား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိုသူနှင့် ဆုံတွေ့ရ၊ အကူအညီတောင်းခဲ့ကြရသည်။ ထိုသူသည် အပြောမဟုတ် လက်တွေ့တွင်လည်း အကူအညီတောင်းခံလာသူကို အမှန်ပင်စိတ်ကျေနပ်မှုရှိအောင် ကိုယ်ရောစိတ်ပါ အကူအညီပေးတတ်သူ ဖြစ်သည်။ လူတို့၏ နောက်ဆုံးခရီးတွင် ကျန်ရစ်သူများ စိတ်အနှောင့်အယှက်ကင်းကင်းနှင့် နှုတ်ဆက်ဂါရဝပြုနိုင်ရန် စေတနာပါပါ ကူညီတတ်သူ ဖြစ်သည်။ အဆိုတော်တစ်ဦး၏ သီချင်းစာသားတချို့ကို သတိရမိသည်။ ဝမ်းနည်းကြေကွဲနေသူတို့၏ သောကတချို့တစ်ဝက်ကို ဖြေဖျောက်ပေးနိုင်စွမ်းရှိသူဟုဆိုလျှင် မှားအံ့မထင်ပေ။ မွန်မြတ်သောအကူအညီကို ပေးနိုင်စွမ်းရှိသူတစ်ဦးပင် ဖြစ်သည်။

တွေးရင်းလျှောက်ရင်းဖြင့် ၇၅ လမ်းကို ကျော်လာပြီဖြစ်၍ အတွေးစကို ဖြတ်တောက်ပြီး လာလမ်းအတိုင်း ပြန်လျှောက်လာခဲ့သည်။ ကျုံးဘေးတွင် တပ်ဆင်ထားသော ကိရိယာများဖြင့် လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ အကြောလျှော့ခြင်းများကို အတန်ကြာပြုလုပ်ဖြစ်သည်။ ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသော ကိရိယာများဖြစ်၍ မန်းစည်ပင်ကို ကျေးဇူးတင်မိသည်။ လေကောင်းလေသန့်ရရှိသော ကျုံးရေပြင်နံဘေးတွင် ကျန်းမာရေးလေ့ကျင့်ရန် ကိရိယာများ တပ်ဆင်ထားသော စိတ်ကူးကောင်းကိုလည်း သဘောကျမိသည်။ လေ့ကျင့်ခန်းပြုလုပ်ပြီး ဖြည်းဖြည်းမှန်မှန် ဆက်လျှောက်လာချိန်၌ ရောင်နီလာပေပြီ။

၂၆ လမ်းနှင့် ၆၆ လမ်းဆုံသို့ ပြန်လည်ရောက်ရှိချိန်တွင် ခေတ္တနား၍ မန္တလေးတောင်တော်၏ အလှကိုကြည့်ရှုရင်း တောင်ပေါ်ရှိ ဘုရားစေတီများကို စိတ်ညွှတ်ရည်မှန်းလက်အုပ်ချီ ကန်တော့မိသည်။ ထိုအချိန်တွင် ကျုံးရေပြင်၌ ဖြည်းဖြည်းမှန်မှန် မောင်းနှင်နေသော မော်ဆိုက်ကယ်တစ်စီးကိုလည်း တွေ့ရသည်။

ကျုံးထောင့်မှကွေ့၍ ၆၆ လမ်းအတိုင်း မြောက်ဘက်သို့ ဆက်လျှောက်ခဲ့ရာ ကျုံး၏ အကာအရံအဖြစ် ပန်းအလှပင်များကို စနစ်တကျ စိုက်ပျိုးထားသဖြင့် စိတ်ကြည်နူးမှုကို အပြည့်အဝပေးစွမ်းနေပေတော့သည်။ အတန်ငယ်လျှောက်မိသောအခါ ပန်းပင်များအား ပြုစုပြုပြင်နေသော အစိမ်းရောင်အပေါ်အင်္ကျီဝတ်အမျိုးသမီးတစ်ဦးကို တွေ့ရသည်။ နေလောင်အသားအရေနှင့် နွမ်းလျလျဝတ်စုံတို့ကို ဝတ်ဆင်ထားသော သူမကိုကြည့်ရသည်မှာ လှသည်ဟု မဆိုနိုင်ပေ။ သို့သော် သူမစိုက်ပျိုးပြုစုနေသော ပန်းတို့မှာ မြင်ရသူတို့၏စိတ်ကို ကြည်နူးလောက်အောင် လှပနေ၏။ သူမအနားကပ်လိုက်လျှင် ချွေးနံ့၊ ကွမ်းနံ့ သာရမည်မှာ မလွဲပေ။ သို့သော် သူမစိုက်ပျိုးပြုစုသော ပန်းရနံ့တို့သည် ရင်ကိုအေးချမ်းသွားအောင် မွှေးပျံ့ကြ၏။ သူမ၏ ချွေးစက်တို့ဖြင့် ဖန်တီးသော ပန်းအလှတို့သည် လူအများ၏ ဘဝအမောများကို ခေတ္တခဏဖြစ်စေ ဖြေဖျောက်နိုင်စွမ်းရှိသည်ကိုတော့ မငြင်းနိုင်ပေ။

အစာအိမ်၏ သံချောင်းခေါက်သံကြောင့် ထိုင်နေကြ အာကာမင်း လက်ဘက်ရည်ဆိုင်သို့ ခြေဦးလှည့်လိုက်သည်။ လက်ဘက်ရည်ဆိုင် ဝင်ထိုင်လိုက်သည်နှင့် စားပွဲထိုးချာတိတ်၏ 'အာစရိ ထုံးစံအတိုင်းပဲလား'ဟူသောအမေးကို ခေါင်းညိမ့်ဖြေဆိုပြီး ဆိုင်အပြင်သို့ ငေးမောနေချိန်တွင် လွတ်နေသော နံဘေးစားပွဲသို့ မီးခိုးရောင်ယူနီဖောင်းဝတ်ဆင်ထားသူလေးဦး ဝင်ရောက်နေရာယူကြသည်။ အသံကျယ်ကျယ်နှင့်လူ၏ စကားသံအရ ၎င်းတို့သည် မန်းစည်ပင်မှ ဝန်ထမ်းများဖြစ်ကြောင်းနှင့် ရင်ထိုးတံဆိပ်အနီတပ်၍ ထောင်ထောင်မောင်းမောင်း မျက်နှာကြောတင်းတင်း ဂိုဏ်းစတားရုပ်နှင့်လူမှာ အရာရှိတစ်ဦးဖြစ်ကြောင်း သိလိုက်ရသည်။ သူတို့၏ မျက်နှာပေါ်တွင် ပင်ပန်းနွမ်းနယ်သည့်ဟန်နှင့် အိပ်ရေးမဝသည့် သဏ္ဌာန်များကို တွေ့ရသည်။ စားပွဲခြင်းကပ်လျက်ဖြစ်သောကြောင့် သူတို့၏စကားသံကို အတိုင်းသားကြားနေရသည်။ အထူးသဖြင့် ခေါင်းဆောင်အရာရှိဖြစ်သူ ကိုလူမိုက်(လူမိုက်ရုပ်ကဲ့သို့ရှိ၍ ချစ်စနိုးခေါ်ခြင်း ဖြစ်ပါသည်)၏ အသံကို အာရုံစိုက်နားစွင့်မိသည်။ ယခု မိုးဦးကျကာလတွင် မြန်မာပြည်အထက်ပိုင်း၌ မိုးရွာသွန်းမှုများသောကြောင့် ဧရာဝတီမြစ်ရေသည် မန္တလေးမြို့၏ စိုးရိမ်ရေမှတ် ၁၂၆၀ စင်တီမီတာသို့ ရောက်ရှိရန် စင်တီမီတာအနည်းငယ်သာလိုတော့ကြောင်း၊ ၎င်းတို့ဌာနအနေနှင့် ရေကြီးရေလျှံမှုကို ကာကွယ်ရန် ကမ်းနားလမ်းတာရိုးတစ်လျှောက် လိုအပ်သောနေရာများတွင် သဲအိတ်များ အရန်သင့်စုပုံနေကြောင်း၊ သဲအိတ်ထောင်ပေါင်းများစွာကို မန်းစည်ပင်မှ ဝန်ထမ်းအင်အားများစွာဖြင့် ထုပ်ပိုးစီစဉ်နေရကြောင်း သို့မှသာ မန္တလေးမြို့၏ အနိမ့်ပိုင်းရပ်ကွက်များအား ရေလွှမ်းမိုးမှုဒဏ်မှ ကာကွယ်နိုင်မည်ဖြစ် ကြောင်း ကြားသိခဲ့ရသည်။ မြို့နေလူထု၏ ရေဘေးဒုက္ခမှ ကာကွယ်တားဆီးနိုင်ရန်အတွက် ကိုလူမိုက်၏ ဆောင်ရွက်ချက်များကို ပြောဆိုဆွေးနွေးနေမှုများ၊ လက်အောက်ငယ်သားများအား ညွှန်ကြားနေမှုများအား စိတ်ဝင်တစားနားထောင်ခွင့်ရရှိခဲ့သည်။ ထို့ပြင် တောင်အင်းမြောက်အင်းနှင့် ကြာနီကန်အမှိုက်ကျင်းအခြေအနေများ၊ အမှိုက်သိမ်းယာဉ်အင်အား၊ လူအင်အားနှင့် ကြီးကြပ်ဆောင်ရွက်နေမှု အခြေအနေတို့ကို အထက်အရာရှိထံ ဖုန်းဖြင့် သတင်းပို့နေသည်ကိုလည်း ကြားသိနေရသည်။ ကိုလူမိုက်သည် တစ်ချိန်တည်းမှာပင် တာဝန်တော်တော်များများကို ထမ်းဆောင်နေရသူဖြစ်ကြောင်း အကဲခတ်မိသည်။ မန္တလေးမြို့နေ လူထုအတွက် နေ့မအား၊ ညမနား တာဝန်ထမ်းဆောင်နေသော ကိုလူမိုက်၏ အလုပ်လုပ်နိုင်စွမ်းကို လေးစားမိသည်။ အဓိကအားဖြင့် ပြင်ပရုပ်သဏ္ဌာန်တွင် မတွေ့နိုင်သော ကိုလူမိုက်၏ ဖြူစင်သောနှလုံးသား၊ ကိုယ်ချင်းစာတရားနှင့် စေတနာတို့အပြင် စိတ်ရောကိုယ်ပါ အားထုတ်မှုတို့ကို တစ်ထိုင်တည်း အကဲခတ်မိရုံမျှနှင့် ပေါ်လွင်ထင်ရှားလျက်ရှိပေသည်။ တစ်ဖက်ဝိုင်းမှ စကားသံများကို စိတ်ဝင်တစားနားထောင်ရင်း စားသောက်ခဲ့သော ကော်ဖီနှင့် မုန့်တို့သည် အဓိပ္ပာယ်ရှိသော စကားလုံးများ၏ တန်ခိုးကြောင့် ယခင်နေ့များထက် အရသာထူးနေသည်မှာ အမှန်ပင်။ (အထက်ပါ အရာရှိမှာ ယခု သက်ပြည့်ပင်စင် ယူသွားပြီဟု သိရ)

လက်ဘက်ရည်ဆိုင်မှ ထွက်လာပြီး မကြာမီ လမ်းဘေးမြောင်းအတွင်းမှ အညစ်အကြေး မြောင်းစာများကို ဆယ်ယူနေကြသော အလုပ်သမားကြီး နှစ်ယောက်ကို တွေ့ရသည်။ မြောင်းအတွင်းမှ မြောင်းစာများကို ပြောင်စင်အောင် ဆယ်ယူ၍ သပ်သပ်ရပ်ရပ် စနစ်တကျ စုပုံနေသည်ကို ကြည့်ခြင်းအားဖြင့် အလုပ်အပေါ်ထားသည့် စေတနာကို မြင်သာပေသည်။ မြောင်းစာများကို ဆယ်တင်၍ မြောင်းစာသယ်ယာဉ်ဖြင့် မသယ်ယူမီအချိန်တွင် အချို့သော အိမ်ရှင်များက ၎င်းတို့၏ အိမ်ရှေ့မျက်နှာစာတွင် အညစ်အကြေးများ ခေတ္တစုပုံထားသည်ကို မနှစ်မြို့တတ်ကြချေ။ မြောင်းစာဆယ်ခြင်းကြောင့် ရေဆိုးမြောင်းများ သန့်ရှင်းပြီး ရေစီးရေလာကောင်းမွန်ခြင်း၊ ရေဝပ်ရေလျှံမဖြစ်ခြင်း၊ ဆိုးဝါးသော အနံ့အသက်များ ကင်းစင်ခြင်း၊ ခြင်နှင့် ယင်တို့မှ ဖြစ်ပွားသော ကူးစက်ရောဂါတို့ကို ကာကွယ်ခြင်းစသည့် အကျိုးကျေးဇူးများရရှိကြောင်း သိရှိသင့်သည်။ မိသားစုတွင် ခြင်နှင့် ယင်တို့မှ ကူးစက်သော ရောဂါများဖြစ်ပွားပါက ဆေးခန်း၊ ဆေးရုံများသို့ သွားရောက်၍ အထူးကုဆရာဝန်ကြီးများထံ ငွေကြေး မြောက်မြားစွာ အကုန်အကျခံပြီး ဆေးကုသမှုခံယူကြရပေမည်။ ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍ ထိရောက်သည်ဆိုပါက အညစ်အကြေးပေါင်းစုံ စုဝေးနေသော မြောင်းများအတွင်း မြောင်းစာဆယ်နေသော ဆံပင်နီကြောင်ကြောင် နေလောင်အသားအရေနှင့် ထိုလုပ်သားကြီးများကို ခြင်နှင့် ယင်တို့မှ ဖြစ်ပွားသော ကူးစက်ရောဂါကို ကာကွယ်ပေးသည့် တန်ဖိုးနည်း ဆရာဝန်ကြီးများဟု ဆိုလျှင် လွန်အံ့မထင်ပေ။

ကျွန်တော်လမ်းလျှောက်ရင်း ကြုံတွေ့ခဲ့ရသော အနီးပုဂ္ဂိုလ်တို့သည် သာမန်အားဖြင့်ကြည့်လျှင် မိမိတို့ စားဝတ်နေရေးအတွက် သက်ဆိုင်ရာ တာဝန်များကို ပုံမှန်ထမ်းဆောင်နေကြသည်ဟုသာ မြင်ပေမည်။ ဂရုတစိုက် သေချာလေ့လာကြည့်လျှင် သူတို့၏ အပြုအမူ အပြောအဆိုနှင့် ဆောင်ရွက်ချက်တို့သည် မိမိတို့ ထိတွေ့ဆက်ဆံရသော ပတ်ဝန်းကျင် လူ့အသိုင်းအဝိုင်းအပေါ် တာဝန်တစ်ခုထက်ပို၍ စေတနာထပ်ဆောင်းပြီး ဘဝကို အဓိပ္ပာယ်ရှိရှိ ဖြတ်သန်းနေကြသူများဖြစ်ကြောင်း တွေ့နိုင်ပေသည်။

လူတို့သည် မိမိတို့နေ့စဉ် ကြုံတွေ့နေရသော စားဝတ်နေမှုဟူသည့် အကြောင်းတရား သုံးပါးကို ဖြေရှင်းရာတွင် အလုပ်အကိုင်တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ လုပ်ကိုင်ကြရပေသည်။ ဒုစရိုက်ကင်း၍ သန့်ရှင်းစင်ကြယ်သော သမ္မာအာဇီဝကျသည့် အလုပ်ကိုကား သူတော်ကောင်းတို့ ချီးမွမ်းကြကုန်၏။ အမှတ်ထင်ထင် ကြုံတွေ့ခဲ့ရသော ထိုပုဂ္ဂိုလ်တို့သည် ဒုစရိုက်ကင်း၍ သန့်ရှင်းစင်ကြယ်သော သမ္မာအာဇီဝကျသည့် အလုပ်ကို လုပ်ကိုင်နေရုံမက မိမိတို့၏ အလုပ်တာဝန်အပေါ် စေတနာထပ်လောင်းခဲ့သောကြောင့် ဝမ်းဝသည့်အပြင် ကုသိုလ်လည်း ရခဲ့၏။ အတ္တဟိတမည်သော မိမိနှင့် မိသားစုစားဝတ်နေရေး ဆောင်ရွက်ရင်း ပရဟိတအကျိုးကို ရခဲ့၏။ အမှန်ဆိုရလျှင် ထိုသူတို့သည် အဓိပ္ပာယ်ရှိသောဘဝကို ပိုင်ဆိုင်ထားသည့် အတုယူဖွယ် လူသားများပင် ဖြစ်ပေသည်။



## ရေဘေး၊ လေဘေးမုန်တိုင်းဘေးအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**နတ်မောက် ဇွန် ၈**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဦးစီးဌာနတို့ပူးပေါင်း၍ ရေဘေး၊ လေဘေး၊ မုန်တိုင်းဘေးအသိပညာပေးလက်ကမ်းစာစောင်များကို ယမန်နေ့ နံနက်ပိုင်းက မြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၊ လူစည်ကားရာနေရာများဖြစ်သည့် မြို့မဈေးနှင့်ကားဂိတ်တို့တွင် လိုက်လံဖြန့်ဝေခဲ့ကြသည်။

အဆိုပါအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ရေဘေး၊ လေဘေးနှင့် မုန်တိုင်းဘေးတို့အတွက် ကြိုတင်ပြင်ဆင်နိုင်ရန်၊ လေပြင်းတိုက်ခတ်စဉ် မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းခြင်းဖြစ်ပေါ်ပါက သတိပြုလိုက်နာရန်အချက်များ၊ မုန်တိုင်းဖြစ်ပြီးချိန်တွင် ရှောင်ရှားသင့်သည့် အချက်များ စသည့် အကြောင်းအရာများပါ အသိပညာပေး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၄၆၅)

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ညောင်ဦး ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိများနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။



လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညိုက အဖွင့်အမှာစကားပြောကြားရာတွင် သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့လာပါက ဆောင်ရွက်ရမည့် စုဖွဲ့မှုများ၊ ကြိုတင်ပြင်ဆင်မှုများ၊ နှိုးဆော်သတိပေးခြင်းများပြုလုပ်ရန် သက်ဆိုင်ရာဌာနများအလိုက် သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာလျှင် ဝိုင်းဝန်းကူညီဆောင်ရွက်သွားကြရန် မှာကြားသည်။ ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးမျိုးခိုင်ဝင်းက သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ဌာနဆိုင်ရာများမှ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများအား ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဌာနဆိုင်ရာများအလိုက် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို တင်ပြဆွေးနွေးကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၈၁)



## ရေဘေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ရေနံချောင်း ဇွန် ၈**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ ရေဘေးအန္တရာယ်ကြောင့် ပြည်သူများ ထိခိုက်ဆုံးရှုံးမှုများ မဖြစ်ပွားစေရန် ရည်ရွယ်၍ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက်ပိုင်းက ညောင်လှရပ်ကွက် ကမ်းနားရပ်နှင့် ရေနံချောင်းမြို့မဈေးကြီးတို့တွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်ပြာစိုးနှင့် ဝန်ထမ်းများက ညောင်လှရပ်ကွက် ကမ်းနားရပ် ဧရာဝတီမြစ်ကမ်းဘေးတစ်လျှောက်တွင် နေထိုင်သည့် ဒေသခံပြည်သူများ၊ ရေလုပ်သားများနှင့် ရေနံချောင်းမြို့မဈေးကြီးအတွင်းရှိ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ အနေဖြင့် ရေကြီးရေလျှံမှုများနှင့် ရေဘေးအန္တရာယ်ကြုံတွေ့လာပါက ကြိုတင်ပြင်ဆင်ရမည့်အချက်များ၊ ရေကြီးနေစဉ်နှင့် ရေပြန်လည်ကျဆင်းချိန်များတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များ ပါဝင်သည့် ရေဘေးအသိပညာပေးလက်ကမ်းစာစောင်များကို ပြည်သူများသိရှိလိုက်နာနိုင်စေရန် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ကိုစိုးကြီး(ရေနံမြေ)

## မီးသတ်ဦးစီးဌာန၌ သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး အသင့်ဖွဲ့စည်းထား

**ပုသိမ်ကြီး ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်ရေး အနေဖြင့် အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်နိုင်ရန် ယမန်နေ့ မွန်းလွဲ ၃ နာရီက မြို့နယ်မီးသတ်ဦးစီးဌာန၌ လူအင်အား၊ စက်ပစ္စည်းများဖြင့် အသင့်ပြင်ဆင်စုဖွဲ့ထားလျက်ရှိသည်။

အဆိုပါ အသင့်စုဖွဲ့ထားရှိရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦးက လာရောက်၍ သဘာဝဘေး အန္တရာယ်များ ကျရောက်လာပါက အချိန်နှင့် တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ၊ ကူညီဆောင်ရွက်နိုင်ရန် မြို့နယ်မီးသတ်ဦးစီးဌာနရှိ သန္နေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ Rescue အဖွဲ့များ၊ မော်တော်ယာဉ်များ၊ Hydraulic Rescue Tools၊ အခြားစက်ပစ္စည်းကိရိယာများဖြင့် အသင့်ပြင်ဆင်စုဖွဲ့ကာ ဆောင်ရွက်ထားရှိသည်များအား ကြည့်ရှုခဲ့သည်။

အသင့်စုဖွဲ့ထားရှိရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်ခိုင်ကျော်၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမင်းသန့်နှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေး Rescue အဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၀၉၅)





## အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ရေဘေးကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်

**မကွေး ဇွန် ၈**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ရေဘေးကယ်ဆယ်ရေးဇာတ်တိုက်လေ့ကျင့်ခြင်းများကို မကွေးမြို့နယ် မီးသတ်ဦးစီးဌာနမှ ဧရာဝတီမြစ်ဝအတွင်း၌ ယမန်နေ့ နံနက် ၁၀နာရီမှ စတင်လေ့ကျင့်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါရေဘေးကယ်ဆယ်ရေးလေ့ကျင့်ဆောင်ရွက်မှုတွင် မကွေးမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီး၍ မီးသတ်တပ်ဖွဲ့ဝင် ၂၇ ဦးတို့က Speed boat နှစ်စီး၊ Intelligence lifebuoyနှစ်စင်းနှင့်အတူ ရေပြင်ရှာဖွေကယ်ဆယ်ရေးပစ္စည်းများအသုံးပြုပြီး စမ်းသပ်မောင်းနှင်ခြင်း၊ မီးသတ်တပ်ဖွဲ့ဝင်များအား Speed Boat များ ကျွမ်းကျင်စွာ မောင်းနှင်နိုင်စေရေးအတွက် လေ့ကျင့်သင်ကြားပေးခြင်းနှင့် ရေပြင်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဝင်းအိမွန်(ပြန်/ဆက်)

*-*-*-*-*-*

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Jesse Eisenberg ၏ A Real Pain ဗြိတိန်အကယ်ဒမီမှ အကောင်းဆုံးဇာတ်ညွှန်းဆု ရရှိထား

လက်ရှိ အော်စကာ ဆန်ခါတင်ဆုစာရင်းဝင်ထားပြီး ဗြိတိန်အကယ်ဒမီမှ အကောင်းဆုံးဇာတ်ညွှန်းဆု ရရှိထားသည့် A Real Pain ၏ ဇာတ်ညွှန်းဆရာ၊ ဒါရိုက်တာ၊ သရုပ်ဆောင် ဂျက်ဆီအီဆန်ဘာရိတ်က ဆုလက်ခံစကားကို ရင်တွင်းခံစားချက်များနှင့် ပြောကြားသွားခဲ့သည်ဟု ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




အဆိုပါဆုပေးပွဲတွင် ဂျက်ဆီအီဆန်ဘာရိတ်က ဆုလက်ခံစကားပြောကြားရာတွင် ဘာဆုမှ ရမည်မထင်၍ မပြင်ဆင်ခဲ့ကြောင်း၊ ဇနီးနှင့် မျှဝေချင်သော်လည်း ဆုရမည်မထင်၍ ဇနီးပါမလာကြောင်း၊ ထိုင်ခုံနေရာချပေးသူကလည်း ဆုရမည်ထင်ဟန် မပေါ်ကြောင်း ဦးစွာ ပြောကြားထားသည်။

ဇနီးဖြစ်သူ အန်နာစထရောက စတွဲစဉ်ကပင် ဗင်နီဇွဲလားသို့ ခရီးသွားရန်ဆွဲခေါ်ခဲ့ပြီး လွန်ခဲ့သည့် နှစ်၂၀ အတွင်း ကမ္ဘာအနှံ့ခရီးသွား၍ ကမ္ဘာကြီးအကြောင်း သိလာပုံကို A Real Pain တွင် ဖော်ပြထားကြောင်း သူ၏သောကများသည် ကမ္ဘာပေါ်မှ အခြားလူများနှင့်ယှဉ်လျှင် မပြောပလောက်ကြောင်း၊ ဇနီးကဆင်ပေးပြီး တန်ဖိုးရှိသောအတွေးများကို ခေါင်းထဲထည့်ပေးခဲ့ကြောင်း ရင်တွင်းစကား ပြောကြားခဲ့သည်။

ဇနီးသည် အန်နာစထရောမှာ အိမ်တွင်းအကြမ်းဖက်မှုမှ လွတ်မြောက်လာသူများကို ကူညီပေးနေသည့် Middle Way Ho-use အဖွဲ့အစည်းတွင် ပါဝင်၍ လက်ရှိ လူမှုရေးပရဟိတလုပ်ငန်းများလုပ်ကိုင်နေသည်။ (SKY)

## Milan Fashion Week 2025 ပွဲသို့ Xiao Zhan အပါအဝင် ထိပ်တန်းအနုပညာရှင်များ Gucci Brand နှင့် တက်ရောက်လာ




၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ လကုန်တွင် ကျင်းပခဲ့သည့် Milan Fashion Week 2025 ပွဲသို့ ကမ္ဘာကျော်ထိပ်တန်းအနုပညာရှင်များGucci Brandနှင့် တက်ရောက်ခဲ့ကြရာ ရှောင်းကျန့်လည်း ပါဝင်ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပွဲတက်အနုပညာရှင်များတွင် တရုတ်အနုပညာရှင် ရှောင်းကျန့်က နီညိုရောင် Gucci Brand နှင့် ဖက်ရှင်စတိုင်လ်ကျခဲ့ရာ မီလန်ပရိသတ်အကြား ရေပန်းစားခဲ့သည်။

ထိုင်းအနုပညာရှင် ဘူကင်က ရေညှိစိမ်းဖက်ရှင်နှင့် တောင်ကိုရီးယားအနုပညာရှင် ဂျင်(ခေါ်) ကင်ဆွတ်ဂျင်က အပြာနုရောင်ဖက်ရှင်စတိုင်လ်နှင့် တက်ရောက်ခဲ့ကြပြီး အခြား ထိပ်တန်းအနုပညာရှင်များစွာလည်း ဖိတ်ကြားခံခဲ့ရသည်။

ရှောင်းကျန့်သည် Gucci Brand ဖက်ရှင်အပြင် TODS Brandဖက်ရှင်မှာလည်း သန့်ပြန့်ခံ့ညားပြီး လွတ်လပ်ပေါ့ပါးစွာ အဖြူနှင့်အညိုရောင်ပေါ် မီးခိုးထပ်ထား၍ လန်းဆန်းသော ဖက်ရှင်နှင့် မြင်တွေ့ကြရသည်။

(SKY)



## ကြယ်ငယ်လေး တစ်စင်းကို ရောမဂြိုဟ်ကြီး လှည့်ပတ်နေ

နက္ခတ္တဗေဒပညာရှင်များသည် ကြယ်ငယ်တစ်စင်းကို ဧရာမဂြိုဟ်တစ်လုံး လှည့်ပတ်နေသည့် ထူးဆန်းသော အာကာသဖြစ်စဉ်ကို မကြာသေးမီက မှတ်တမ်းတင်နိုင်ခဲ့သည်။

ထိုတွေ့ရှိမှုသည် ဂြိုဟ်များဖွဲ့တည်ပုံနှင့်ပတ်သက်၍ လက်ရှိ သိပ္ပံသီအိုရီများကို စိန်ခေါ်သကဲ့သို့ ဖြစ်နေသည်။

အီအိုအိုင်-၆၈၉၄ အမည်ရှိ အဆိုပါကြယ်ငယ်သည် ကမ္ဘာမှ အလင်းနှစ် ၂၄၀ ကွာဝေးသော လီယိုကြယ်စုထဲ၌ တည်ရှိသည်။ ၎င်းသည် ယခုအချိန်အထိ စူးစမ်းတွေ့ရှိထားသော ဧရာမဂြိုဟ်ပိုင်ဆိုင်သည့် အသေးဆုံးကြယ်ဖြစ်ကာ ယခင်စံချိန်တင် ကြယ်နှစ်စင်းထက် အရွယ်အစား ၄၀ ရာခိုင်နှုန်းခန့် သေးငယ်သည်။

ထိုကြယ်ငယ်၏ ဒြပ်ထုသည် နေအရွယ်အစား၏ ငါးပုံတစ်ပုံခန့်သာရှိသော်လည်း ၎င်းကိုစနေဂြိုဟ်အရွယ် ဂြိုဟ်တစ်လုံးက လှည့်ပတ်နေခြင်းကြောင့် သိပ္ပံပညာရှင်များ အံ့အားသင့်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ (SCI)




## Robert Paltinson က အသက်ကြီးမှ Batman ဖြစ်ရမည်ကို စိုးရိမ်နေ

ကမ္ဘာကျော် Batman ရုပ်ရှင်တွင် အသက်ငယ်ငယ်နှင့် Bat-man အဖြစ်သရုပ်ဆောင်ခဲ့သော ရောဘတ်ပိုတီဆန်က အသက်ကြီးမှ Batman ဖြစ်ရမည်ကို စိုးရိမ်နေကြောင်း ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရောဘတ်ပိုတီဆန်သည် Batman အဖြစ် ငယ်စဉ်ကစ၍ သရုပ်ဆောင်ခဲ့ရာမှ Sequel ကိုစောင့်ရင်း အသက်ကြီးသည့် Batman ဖြစ်လာသည်။

အသက် ၃၈နှစ်ရှိပြီဖြစ်သော ရောဘတ်ပိုတီဆန်က အသက်ကြီးလာသော်လည်း ကျန်းမာရေးပိုကောင်းမွန်လာ၍ ကိုယ်တွင်းအသက်ကို နည်းနည်းလျှော့ချလာနိုင်ခဲ့သည်ဟု အင်တာဗျူးတွင် ပြောကြားခဲ့သည်မှာ Batman 2 က ၂၀၂၇အထိ နောက်ဆုတ်သွားသောကြောင့်ဖြစ်သည်။

(SKY)




## ကိန်းရုပ်ရှင်ပွဲတော်တွင် အမြင့်ဆုံးဆုကြီး ဆွတ်ခူးရရှိခဲ့သည့် Anora

ကိန်းရုပ်ရှင်ပွဲတော်တွင် အမြင့်ဆုံး ဆုကြီးဆွတ်ခူးရရှိခဲ့သည့် Anora သည် လူတစ်ဦး၏ဘဝကို ဒါရိုက်တာက သူ့လက်ရာအတိုင်း သူ့စည်းဘောင်တစ်ခုထဲမှ ချပြခဲ့ရာ ကျစ်လျစ်၍အပိုအလိုမရှိခဲ့သောကြောင့် ဖြစ်သည်ဟု ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရုပ်ရှင်ဒါရိုက်တာ ဆမ်ဘီတ်ကာက ရုပ်ရှင်သုံးသပ်ချက်တွင် "ပြည့်တန်ဆာ" အခေါ်အဝေါ်ကို တုံ့ပြန်မှုနှစ်မျိုးရှိပြီး ကရုဏာသက်ခြင်းနှင့် တစ်ဆင့်နိမ့်ခံစားခြင်းတို့ဖြစ်သည်ကို လူတန်းစားကွာဟမှုများ၊ အခြေခံလူတန်းစားအလွှာ၏ လူမှုဖူလုံရေးဖိအားများ၊ ဥပဒေဘောင်ထဲမှ ဓနအင်အားရှင်တို့၏လွှမ်းမိုးမှုများကိုခံရသည့် ပြည့်တန်ဆာတစ်ဦးရှုထောင့်ကို ပုံဖော်ထားကြောင်း ပြောကြားခဲ့သည်။

(၉၇)ကြိမ်မြောက် အော်စကာ ဆုပေးပွဲတွင် Anora က လေးကားမြောက် အကောင်းဆုံးရုပ်ရှင် ဖြစ်ခဲ့သည်။ (SKY)

## အဆိုတော် သရုပ်ဆောင်နှင့် အစီအစဉ်မှူး တစ်ဦးဖြစ်သည့် ယူဘင်း

တရုတ်အနုပညာရှင် အဆိုတော်၊ သရုပ်ဆောင်၊ အစီအစဉ်မှူး တစ်ဦးဖြစ်သည့် ယူဘင်းကို The Untamed တွင် ဖုတ်ကောင် အဖြစ် လူကြိုက်များအားပေးထားကြပြီး အသက် ၃၄နှစ်ပြည့်ပြီးဖြစ်ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ယူဘင်းကို ၁၉၉၁ခုနှစ် ဇူလိုင် ၃ရက်တွင် မွေးဖွားခဲ့၍ အသက် ၃၄နှစ်ပြည့်ပြီဖြစ်ပြီး အရပ်ခြောက်ပေနှင့် ချောမောခံ့ညားသူတစ်ဦးလည်းဖြစ်ကာ အဆိုတော်၊ သရုပ်ဆောင်၊ အစီအစဉ်မှူးတစ်ဦးလည်း ဖြစ်သည်။

ရှောင်းကျန့်၊ ဝမ်ရိဘိုတို့နှင့် အတူ The Untamed တွင် ဖုတ်ကောင်အဖြစ် ပါဝင်ထားပြီး ပရိသတ်အားပေးမှုရရှိထားကာ၊ ရုပ်သံနှင့် ရုပ်ရှင်ဇာတ်ကားများစွာတွင်ပါဝင်ထားကာ အဆိုတော်တစ်ဦးအဖြစ်လည်း လူကြိုက်များခဲ့သည်။

(SKY)



## ကမ္ဘာ့ရုပ်ရှင်လောက၏ အပြောင်မြောက်ဆုံး ဒါရိုက်တာတွင် Greta Gerwing ပါဝင်

ကမ္ဘာ့ရုပ်ရှင်လောကတွင် အပြောင်မြောက်ဆုံး ဒါရိုက်တာ ကိုးဦးစာရင်း၌ အမျိုးသားများအနက် အမျိုးသမီးတစ်ဦးဖြစ်သည့် ဂရီတာဂါ်ရဝင်းလည်းပါဝင်ကြောင်း ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။ အဆိုပါ စာရင်းဝင် ကိုးဦး၌ ဒါရိုက်တာ ရောဘတ်အက်ဂါ၊ ခရစ္စတိုဖာနိုလန်၊ ဆွန်ဂျောင်ဟိုဒေးဗစ်ဖင်ချာ၊ မာတင်စကော့စကီး၊ ကွဲတင်းတီရန်တီနိုတို့ ပါဝင်ကြသည်။ ဒဲနစ်အီလန်အီဗီ၊ စတီမင်စပီဘတ်တို့နှင့်အတူ တစ်ဦးတည်းသော အမျိုးသမီးဒါရိုက်တာ ဂရီတာဂါ်ရဝင်းလည်း ယင်းစာရင်းတွင် ဖော်ပြခံရသည်။

ကမ္ဘာ့ရုပ်ရှင်လောက၏ အပြောင်မြောက်ဆုံး ဒါရိုက်တာများဖြစ်ကြကာ သူတို့ဖန်တီးထားသည့် ရုပ်ရှင်ဇာတ်ကားများသည် ပရိသတ်အားပေးမှုမြင့်မားခဲ့ကြသည်။

(SKY)

# စပိန်အမျိုးသမီး ရှုံးထွက်ဖလား(Copa de la Reina) ချန်ပီယံဆုအား ဘာစီလိုနာအမျိုးသမီးအသင်း ဆွတ်ခူး




**ဘာစီလိုနာ ဇွန် ၈**

၂၀၂၄-၂၀၂၅ဘောလုံးရာသီ စပိန်အမျိုးသမီး ရှုံးထွက်ဖလား(Copa de la Reina) ချန်ပီယံဆုအား ဘာစီလိုနာအမျိုးသမီးအသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ဘာစီလိုနာအမျိုးသမီးအသင်းသည် စပိန်အမျိုးသမီး ရှုံးထွက်ဖလား(Copa de la Reina) ဗိုလ်လုပွဲစဉ်တွင် အက်သလက်တီကိုမက်ဒရစ်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရယူပြီး ချန်ပီယံဆုအား ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအမျိုးသမီးအသင်း အတွက် အဖိုးတန် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၂၅မိနစ်နှင့် ၇၄မိနစ်တွင် ပီနာက သွင်းယူပေးခဲ့သည်။

ဘာစီလိုနာအမျိုးသမီးအသင်းသည် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် လာလီဂါအမျိုးသမီးပြိုင်ပွဲ ချန်ပီယံဆု၊ စပိန်အမျိုးသမီးစူပါဖလားချန်ပီယံဆု၊ ယခု စပိန်အမျိုးသမီး ရှုံးထွက်ဖလား(Copa de la Reina) ချန်ပီယံဆုတို့ကို ဆွတ်ခူးခဲ့ပြီး ဘာစီလိုနာအမျိုးသားအသင်းနည်းတူ ပြည်တွင်းဖလား (၃)လုံး ချန်ပီယံဖြစ်လာခဲ့သည်။

**(NGB)**

| ယူအီးအက်ဖ်အေ နေရှင်းလိဂ် တတိယနေရာလုပွဲ အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| ဂျာမနီ | ၀ - ၂ | | ပြင်သစ် |

# စေတုတ္တရာမြို့နယ် ပွင့်တောက်ကျေးရွာ စက်လှေဆိပ်၌ PDF အမည်ခံအကြမ်းဖက်သမားများ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် ရေသောင်ကျေးရွာ အထက်တန်းပြဆရာမနှင့် ပညာရေးကောလိပ်တက်ရောက်မည့် ကျောင်းသူများအား ပြန်လည်ကယ်ထုတ်နိုင်ခဲ့

နေပြည်တော် ဇွန် ၈

NUG၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း ပညာတတ်လူငယ်များ ပေါ်ထွန်းလာမှုကို နှောင့်ယှက်ရန်ရည်ရွယ်၍ ပညာသင်ကြားပေးနေသည့် ဆရာ/ဆရာမများအား DCS ပြုလုပ်ရန်နှင့် ၎င်းတို့၏အလိုကျ လိုက်ပါဆောင်ရွက်ခြင်းမရှိသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို နည်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ စေတုတ္တရာမြို့နယ် လက်ပံကျင်းကျေးရွာနေ ဆရာမ ဒေါ်ဖြိုးဝေဝေမြင့် အပါအဝင် ကျောင်းဆရာမ နှစ်ဦး၊ ပညာရေးကောလိပ်ကျောင်းသား ကျောင်းသူ လေးဦး၊ ကျောင်းသားမိဘ နှစ်ဦးနှင့် အရပ်သူ တစ်ဦး စုစုပေါင်း ကိုးဦးတို့သည် ကျောင်းတက်ရန်အတွက် လိုက်ပါပို့ဆောင်သူများနှင့်အတူ မေ ၂၄ ရက်တွင် မကွေးမြို့သို့ သွားရောက်ရန် ပွင့်တောက်ကျေးရွာ စက်လှေဆိပ်သို့ ရောက်ရှိစဉ် PDF အမည်ခံ အကြမ်းဖက်သမားများသည် လက်နက်ငယ်ကိုယ်စီ ကိုင်ဆောင်၍ စက်လှေဆိပ်သို့ရောက်ရှိလာပြီး ဆရာမအား DCS ပြုလုပ်ရန်နှင့် ကျောင်းသား ကျောင်းသူများအား ကျောင်းမတက်ရန် ခြိမ်းခြောက်ပြောဆိုပြီး မကြီးကျေးရွာဘက်သို့ အတင်းအဓမ္မဖမ်းဆီး ခေါ်ဆောင်သွားကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ကယ်တင်နိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် စေတုတ္တရာမြို့၏ မြောက်ဘက် မီတာ ၂၄၀၀၀ ခန့်အကွာရှိ ပန်းအိကျေးရွာအတွင်း နေရာနှစ်နေရာမှ အကြမ်းဖက်သမားများ ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရသူများအနက် ဆရာမ ဒေါ်ဖြိုးဝေဝေမြင့် အထက်တန်းပြ (အထကခွဲ၊ ရေသောင်)၊ ဒေါ်ချိုသဇင်ဦး လ/ထမူပြ (မူလွန်၊တောင်ဟန်ဒေါက်)၊ မခင်မိုးဝေ တတိယနှစ် ပညာရေးကောလိပ် (မကွေး)၊ မနွေးနွေးလှိုင် တတိယနှစ် ပညာရေးကောလိပ်(မကွေး)၊ မခင်စုစုလှိုင် ဒုတိယနှစ် ပညာရေးကောလိပ်(ပခုက္ကူ) စုစုပေါင်း ငါးဦးတို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ရှာဖွေကယ်ထုတ်နိုင်ခဲ့ပြီး ကျန်ရှိသည့် ပညာရေးကောလိပ်ကျောင်းသား တစ်ဦး၊ ကျောင်းသားမိဘ နှစ်ဦး၊ အရပ်သူ တစ်ဦး စုစုပေါင်း လေးဦးတို့အား အမြန်ဆုံး ရှာဖွေကယ်ဆယ်နိုင်ရေးအတွက် ဆက်လက်ရှာဖွေလျက်ရှိကြောင်းနှင့် ပြန်လည်ကယ်တင်ခေါ်ယူနိုင်ခဲ့သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သော ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးချုပ်နှောင်ခြင်း၊ အတင်းအဓမ္မ DCS လုပ်ဆောင်စေခြင်းနှင့် လူသားမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခြင်းများကို ပြည်သူလူထုအနေဖြင့် လွန်စွာရွံရှာမုန်းတီးလျက်ရှိပြီး PDF အကြမ်းဖက်သမားများ၏ လူမဆန်သော လုပ်ရပ်များကို သတင်းရရှိက တာဝန်သိပြည်သူများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ အချိန်မီ သတင်းပေးပို့နိုင်ပါရန် အသိပေးသတင်းထုတ်ပြန်အပ်သည်။

**သတင်းစဉ်**

စေတုတ္တရာမြို့နယ်၊ ပန်းအိကျေးရွာအနီး
အကြမ်းဖက်သမားများ ဖမ်းဆီးခေါ်ဆောင်သွားသူများအနက် ဆရာမ ဒေါ်ဖြိုးဝေဝေမြင့် အပါအဝင် ၅ ဦးအား
ပြန်လည်ရှာဖွေကယ်တင်နိုင်ခဲ့သည့်နေရာပြပုံ




# စဉ့်ကိုင်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့တွင် ငွေကျပ် ၉၁၇ ဒသမ ၀၂၅ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၈

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၆ ရက် မွန်းလွဲပိုင်းက သတင်းအရ စဉ့်ကိုင်မြို့နယ် မီးသွေးဘုတ်ကျေးရွာအုပ်စု ရွာသာရွာကျေးရွာ လမ်းပေါ်တွင် သီတာ၊ အေးမြတ်မွန်၊ ခင်စုကြည် (ခ) မိုးမိုးနှင့် ရွှေဇင်မာ တို့ လေးဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၅၀၀(တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၈၃၂ ဒသမ ၅ သိန်း) ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



စဉ့်ကိုင်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့တွင် ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိစိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ကွင်းဆက် ဖော်ထုတ်ချက်အရ ကျောက်ဆည်မြို့နယ် ဘင်စုရပ်ကွက် စက်မှုဇုန်သွားလမ်းပေါ်တွင် ဒေါ်မြိုင်အား စိတ်ကြွရူးသွပ်ဆေးပြား ၅၆၃၅ ပြား (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၈၄ ဒသမ ၅၂၅ သိန်း) ဖမ်းဆီးရမိပြီး ကွင်းဆက်အရ ဆေးပြားများ ရောင်းချပေးသူ မမဲလုံးအား ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာအဝင် လမ်းမပေါ်တွင် ဆက်လက်ဖမ်းဆီးရမိသဖြင့် ယင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

ထို့အတူ ယမန်နေ့မွန်းလွဲပိုင်းက တာချီလိတ်မြို့ မကာအိုခမ်းရပ်ကွက် ရွှေတိဂုံဘုရား အဆင်းလမ်းတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ရွှေတိဂုံဘုရားဘက်မှ နတ်စင်လမ်းဘက်သို့ လမ်းလျှောက်လာသူ စိုင်းအောင်ခမ်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၇၀၀ နှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ် သိန်း ၇၀) ဖမ်းဆီးရမိပြီး ကွင်းဆက် ဖော်ထုတ်ချက်အရ တာချီလိတ်မြို့ ဆန်ဆိုင်း (ခ) ရပ်ကွက် ကျောင်းလမ်းရှိ ၎င်းနေထိုင်သည့် နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၇၀၀ နှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ် ၂၈ သိန်း) ထပ်မံသိမ်းဆည်းရမိသဖြင့် စိုင်းအောင်ခမ်း (၂၆) နှစ်အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

အလားတူ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တန့်ယန်းမြို့ ရပ်ကွက် (၉) နေ မနန်းခမ်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ် ၄၉ သိန်း) ဖမ်းဆီးရမိသဖြင့် မနန်းခမ်း(၄၃) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

## သဘာဝဘေး လျော့ပါးရေး အသိပညာပေး ဟောပြောပွဲ ကျင်းပ

**သရက် ဇွန် ၈**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်း၍ သဘာဝဘေးလျော့ပါးရေး အသိပညာပေး ဟောပြောပွဲကို ဇွန် ၆ ရက် နံနက် ၁၀ နာရီက တောင်မင်းတည်းအခြေခံမူလတန်းကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နေမျိုးပိုင်က သတင်းအချက်အလက်များရယူ၍ သဘာဝဘေးကင်းဝေးအောင် နေထိုင်ခြင်းဟောပြောခြင်းနှင့် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြထွေးက ရေဘေးအန္တရာယ်၊ မီးဘေးအန္တရာယ်၊ လေပြင်းဘေးအန္တရာယ်များနှင့်ပတ်သက်သည့် ကြိုတင်ပြင်ဆင်ရန်အချက်များနှင့် ဘေးအန္တရာယ်များ ကြုံတွေ့ရပါက သတိပြုလိုက်နာရန်အချက်များအား ရှင်းလင်းပြောကြားခြင်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သူဇာထွန်းက မိုးကြိုးဘေးအန္တရာယ်၊ ဆူနာမီဘေးအန္တရာယ်၊ငလျင်ဘေးအန္တရာယ်၊ မိုးခေါင်ရေရှားဘေး၊ မြေပြိုဘေးအန္တရာယ်များနှင့် ပတ်သက်သည့် ကြိုတင်ပြင်ဆင်ရန်အချက်များနှင့် ဘေးအန္တရာယ်များကြုံတွေ့ရပါက သတိပြုလိုက်နာရန် အချက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထုတ်ဝေသည့် ဘေးအန္တရာယ်ဆိုင်ရာ ပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

**ဇော်ထက်(သရက်)**

✱-✱-✱-✱-✱



## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနား ကျင်းပ

**တာချီလိတ် ဇွန် ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကြီးမှူး၍ ၂၀၂၅ ခုနှစ်၊ ဇွန် ၅ ရက်တွင် ကျရောက်ခဲ့သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၅ ရက် နံနက် ၉နာရီက အောင်မြတ်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဝေသုံက အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ ဗီဒီယိုအားလည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) အမှုဆောင်ညွှန်ကြားရေးမှူး၏ သဝဏ်လွှာ ဗီဒီယိုအားလည်းကောင်း၊ ၂၀၂၅ ခုနှစ်၊ ဇွန် ၅ရက်တွင် ကျရောက်ခဲ့သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဂုဏ်ပြုဖော်ပြသည့် ဗီဒီယိုအားလည်းကောင်း ပြသသည်။

(အပေါ်ပုံ)

ဆက်လက်၍ ၂၀၂၅ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် "ကမ္ဘာ့တစ်ဝန်းပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး စုပေါင်းအားဖြင့်ဆောင်ရွက်ပေး" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည့် စာစီစာကုံး၊ ပန်းချီနှင့် ကာတွန်းပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်မင်းထွန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသည့် ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် အထိမ်းအမှတ်ပြခန်းအား ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသပြီး အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောက်ဆည်မြို့နယ်တွင် ငလျင်ဘေးသင့်ပြည်သူများအား တိုင်းရင်းဆေးပညာဖြင့် အခမဲ့ကွင်းဆင်း ကုသပေး

**ကျောက်ဆည် ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် တိုင်းရင်းဆေးပညာဖြင့် ဆေးကုသပေးခြင်းကို ယမန်နေ့က လက်ပံကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ငလျင်ဘေးသင့်ပြည်သူများအား အခမဲ့ကွင်းဆင်း ဆေးကုသပေးခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် ကျောက်ဆည်မြို့နယ် တိုင်းရင်းဆေးကုသရေးဦးစီးဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ဆွေဆွေမြင့်နှင့်အဖွဲ့သည် ဒူးနာ၊ ခါးနာ၊ ယားနာ၊ ထုံနာကျင်နာ၊ ဇက်ကြောပေါင်း၊ ထိခိုက်ဒဏ်ရာစသည့်ရောဂါများအား ဆေးအမည်နံပါတ်များဖြင့် ကုသပေးခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးက ကွင်းဆင်းကုသဆောင်ရွက်ပေးနေမှုအခြေအနေများကို ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကူညီပေးခဲ့ကြောင်းနှင့် အမျိုးသား ၁၃ဦး၊ အမျိုးသမီး ၄၁ ဦး၊ စုစုပေါင်း ၅၄ ဦးကို တိုင်းရင်းဆေးပညာဖြင့် အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

**စုစုအေး(ကျောက်ဆည်)**



## ရေနံချောင်းမြို့နယ်၌ ပုံမှန်ကာကွယ်ဆေးထိုးနှံ

**ရေနံချောင်း ဇွန် ၈**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းကစတင်၍ ရွာသစ်ရပ်ကွက်ရှိ မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ ထိုးနှံပေးလျက်ရှိသည်။

ထို့သို့ ကာကွယ်ဆေးထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများဖြစ်သည့် ဆုံဆို့၊ မေးခိုင်၊ ကြက်ညှာ၊အသည်းရောင်အသားဝါ(ဘီ)ပိုး၊ဦးနှောက်အမြှေးရောင်ငါးမျိုးစပ် ကာကွယ်ဆေးနှင့်ပိုလီယိုအကြောသေ၊ ဝက်သက်၊ဂျိုက်သိုး၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော (ရိုတာ)၊ ပြင်းထန်အဆုတ်ရောင် (ပီစီဗီ)၊ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးများကို ထိုးနှံတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်၊ ဆုံဆို့ကာကွယ်ဆေးများကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၇၂)

**ကျေးရွာသစ်တော၊ ထင်းမျောအိမ်တိုင်**

**လှိုင်လှိုင်ရဖို့ သစ်ပင်စိုက်ပျိုးစို့ ။**

## အခြေခံပညာကျောင်းများ ပိုးမွှားရောဂါအန္တရာယ်မှ ကင်းဝေးစေရန် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မင်းဘူး ဇွန် ၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊မင်းဘူး(စကု)မြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများတွင် ပိုးမွှားများ၊ ဝမ်းပျက်ဝမ်းလျှောရောဂါများနှင့် သွေးလွန်တုပ်ကွေးရောဂါများမှ ကာကွယ်ရန် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို ဇွန် ၇ ရက် နံနက် ၇ နာရီက မင်းဘူးမြို့၊ အမှတ် (၄) ရပ်ကွက်၊ သီရိမင်္ဂလာမူလတန်းကျောင်း၌ ကျင်းပသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျောင်းအတွင်း၊ အပြင် ခြင်နှင့်ပိုးမွှားများခိုအောင်းနိုင်သော သစ်ပင်၊ မြက်ပင်နှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များသိမ်းဆည်းခြင်း၊ရေတိုင်ကီနှင့် ရေကန်များ လှယ်ပေးခြင်း၊ ဆေးခတ်ခြင်း၊ ရေဆိုးထုတ်မြောင်းများမှ အမှိုက်သရိုက် ဆယ်ထုတ်ခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန်းရေနံနှင့် ဆရာ၊ ဆရာမများ၊ ရပ်ကွက်သူ၊ ရပ်ကွက်သားများ ပူးပေါင်းပါဝင် ဆောင်ရွက်ကြကြောင်း သိရသည်။

(အောက်ပုံ)

(၅၀၄)



## ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ခြင်း

ကိုဟိန်းသူစိုး(ဖြိုးဟိန်းရေချိုကုန်ရောင်းဝယ်ရေး မန္တလေးဈေးချို)နှင့် မနွေးသဉ္ဇာဖူးတို့မှာ(၂-၂-၂၀၁၈)ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး တရားသူကြီးရှေ့မှောက်တွင် လက်ထပ်ခဲ့ကြပြီးသည်မှစ၍ ခင်ပွန်းဖြစ်သူ ကိုဟိန်းသူစိုးမှာ ခင်ပွန်းသည်တစ်ဦး၏ ပြုကျင့်ရမည့် တာဝန်ဝတ္တရားအသီးသီးတို့အား ယနေ့အချိန်ထိ ကျေပွန်ခဲ့ခြင်းမရှိခြင်းကြောင့် ဆက်လက်ပေါင်းသင်းရန် မဖြစ်နိုင်တော့သည့်အတွက် ခင်ပွန်းအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ကိုဟိန်းသူစိုးကိုယ်တိုင်မှ လာရောက်ဆက်နွယ်ပတ်သက်ခြင်း မပြုပါရန်နှင့် ကိုဟိန်းသူစိုးအား ကျွန်မမှ ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ပြီးဖြစ်သည့်အတွက် ၎င်းနှင့်လုံးဝပတ်သက်ခြင်းမရှိတော့ပါကြောင်း ကိုဟိန်းသူစိုးနှင့် တကွ အများသိစေရန် ကြေညာအပ်ပါသည်။

ကြေညာသူ-

**မနွေးသဉ္ဇာဖူး**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညညညှ-၂၀)၊ ဦးပိုင်နံပါတ်(၃၃-က)ဟုခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၃၁)ဧက၊ (၃၀×၄၅)ပေအကျယ်အဝန်းရှိ ဦးလှညွန့်အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း(၁၅×၄၅)ပေအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်မြင့်(ဘ)ဦးသုံ(၈/ရစက(နိုင်)၀၄၂၀၈၈)၎င်း၏ကိုယ်စား သမီးဖြစ်သူ ဒေါ်နိုင်(ဘ)ဦးအောင်မြင့်(၈/ရစက(နိုင်)၁၅၇၇၂၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးတင်အောင်မိုး(LL.B,LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အိအိမွန်(LL.B,LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစင်အောင်(LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဦးကြည်ယံ(LL.B)**<br>**အထက်တန်းရှေ့နေ** | **ဦးစည်သူအောင်(LL.B)**<br>**အထက်တန်းရှေ့နေ** | **ဒေါ်သဲမိုမိုထွန်း(LL.B)**<br>**အထက်တန်းရှေ့နေ** |

အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁

## ပျောက်ဆုံးကြောင်း

**မယမင်းခင်(ဘ)ဦးစော်ဝင်း** နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မဟမ(နိုင်)၀၅၅၁၄၁)ကိုင်ဆောင်သူ၏ Passport No. (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**မယမင်းခင် ဖုန်း ၀၉-၉၅၉၉၇၉၁၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညညညှ-၄၈)၊ ဦးပိုင်နံပါတ်(၂၉-က)ဟုခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (၃၀×၄၀)ပေအကျယ်အဝန်းရှိ ဒေါ်လှမြိုင်အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း(၁၅×၄၀)ပေအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးခင်မောင်မြင့်(ဘ)ဦးကျော်မြိုင်(၉/မခန(နိုင်)၁၈၈၁၉၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးတင်အောင်မိုး(LL.B,LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အိအိမွန်(LL.B,LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစင်အောင်(LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဦးကြည်ယံ(LL.B)**<br>**အထက်တန်းရှေ့နေ** | **ဦးစည်သူအောင်(LL.B)**<br>**အထက်တန်းရှေ့နေ** | **ဒေါ်သဲမိုမိုထွန်း(LL.B)**<br>**အထက်တန်းရှေ့နေ** |

အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁

သင့်သွေး ဖြင့် အသက် ကယ် ပါ။

## ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစေရန် စက်ရေတွင်းအား ပြန်လည်ပြုပြင်ပေး



**ညောင်ဦး ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ၊ ညောင်ဦးမြို့နယ်၊ ပနီတွင်းကျေးရွာတွင် စက်ရေတွင်း ချွတ်ယွင်းပျက်စီးသွားသဖြင့် ဒေသခံပြည်သူများ သောက်သုံးရေအခက်ကြုံတွေ့နေရကြောင်းသိရ၍ ယမန်နေ့က ပုဂံမြို့၊ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာပရဟိတရေလှူအဖွဲ့က ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစေရန် ချွတ်ယွင်းပျက်စီးနေသောစက်ရေတွင်းအား သွားရောက်ပြုပြင်ဆောင်ရွက်ပေးခဲ့သည်။

ညောင်ဦးမြို့နယ်၊ ပနီတွင်းကျေးရွာတွင် အိမ်ထောင်စု ၂၄၀ ကျော်၊ လူဦးရေ ၇၀၀ကျော် နေထိုင်လျက်ရှိပြီး ကျေးရွာနေပြည်သူများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြပြီး သောက်သုံးရေအတွက် ကျေးရွာရှိ စက်ရေတွင်းကိုသာ မှီခိုအားထားပြုနေရကြောင်း အဆိုပါကျေးရွာရှိ ဒေသခံပြည်သူများထံမှ သိရသည်။

ယမန်နေ့က ပုဂံမြို့၊ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာပရဟိတရေလှူအဖွဲ့က အလှူရှင် ဦးသိန်းပို-ဒေါ်နီနီထွေး မိသားစု၏ လှူဒါန်းငွေကျပ် (၁၇)သိန်းဖြင့် ပနီတွင်းကျေးရွာ၌ ချွတ်ယွင်းပျက်စီးနေသော စက်ရေတွင်းအား ရေမော်တာနှင့် ဆက်စပ်ပစ္စည်းများကို အသစ်လဲလှယ်တပ်ဆင်ပြီး ပြုပြင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စက်ရေတွင်းမှာ ပြန်လည်ကောင်းမွန်သွားပြီဖြစ်သည်။

ယခုအခါ ကျေးရွာနေပြည်သူများနှင့် ကျေးရွာရှိ ကျွဲ၊ နွား တိရစ္ဆာန်များအတွက် ရာသီမရွေး သောက်သုံးရေဖူလုံစွာသုံးစွဲခွင့်ရရှိပြီဖြစ်သဖြင့် ဝမ်းသာပျော်ရွှင်လျက်ရှိနေကြကြောင်း အဆိုပါပရဟိတအဖွဲ့မှ နာယကဆရာတော် ဘဒ္ဒန္တသာဂရက မိန့်ကြား၍ သိရသည်။

(၄၄၅)

(အပေါ်ဝဲပုံ)

၀-၀-၀-၀-၀-၀

## မုံရွာခရိုင်လေးမြို့နယ်တွင် မိုးသီးနှံများအောင်မြင်ရေးအတွက် ဌာနများ ပူးပေါင်းဆောင်ရွက်လျက်ရှိ



**မုံရွာ ဇွန် ၈**

မုံရွာခရိုင်လေးမြို့နယ်တွင် မိုးသီး နှံများအောင်မြင်ရေးအတွက် ဌာနများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ (အပေါ်ပုံ)

မိုးရာသီ မိုးသီးနှံစုံစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက် မုံရွာခရိုင်လေးမြို့နယ်မှ စီမံအုပ်ချုပ်ရေးအဖွဲ့၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက တာဝန်ခွဲဝေဆောင်ရွက်သွားမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းတွေနဲ့ စပ်လျဉ်းတဲ့ မြေ၊ မျိုး၊ ပိုးနဲ့ စိုက်ပျိုးရေးနည်းပညာတွေကို မုံရွာခရိုင်နဲ့ စိုက်ပျိုးရေးဦးစီးဌာနရုံးတွေကို အကူအညီတောင်းခံနိုင်ပါတယ်ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူက ပြောသည်။

မုံရွာခရိုင်အတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြသူများဖြစ်ပြီး နွေ၊ မိုး၊ ဆောင်းရာသီအလိုက် သီးနှံများကို စိုက်ပျိုးလုပ်ကိုင်ကြသည်။

ယခုနှစ်မိုးရာသီတွင် ဆည်ရေသောက်၊ ချောင်းပိတ်၊ မြောင်းပိတ်၊ မိုးကောင်းသောက်၊ လျှပ်စစ်ရေတင်နှင့် မြေအောက်ရေတင်စနစ်များဖြင့် မုံရွာခရိုင် လေးမြို့နယ်တွင် မိုးရာသီ သီးနှံစုံ ၈၀၅၀၈၆ ဧကကို လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးသီးနှံများစိုက်ပျိုးရာတွင် မိုးစပါးသီးနှံများကို ဇွန်လလယ်တွင် လယ်ထွန်ခြင်း၊ ပျိုးထောင်ခြင်းများဆောင်ရွက်၍ ဇွန်လကုန်ပိုင်းတွင် စတင်စိုက်ပျိုးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

ပဲမျိုးစုံသီးနှံများ၊ ဆီထွက်သီးနှံများနှင့် အခြားသီးနှံများကို မေလဆန်းကစတင်စိုက်ပျိုးခဲ့ရာ ပဲမျိုးစုံ ၂၅၈၆၃ဧက၊ ဆီထွက်သီးနှံစုံ ၁၄၈၉၂ဧက၊ ဝါသီးနှံ ၂၉၃၃ဧက၊ အခြားသီးနှံ ၁၂၀၀၃၃ ဧက စိုက်ပျိုးပြီးစီးပြီး ယမန်နှစ်က မိုးရာသီသီးနှံစုံ ၇၇၈၁၂၀ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင် မုံရွာ၊ ချောင်းဦး၊ ဘုတလင်မြို့နယ်နှင့် အရာတော်မြို့နယ်တို့တွင် မိုးရာသီ သီးနှံစုံအမျိုးအစားအလိုက် လျာထားဧကများမှာ မိုးစပါး ၇၅၁၆၆ဧက၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ စွန်တာပြာ၊ ထောပတ်ပဲနှင့် အခြားပဲစုစုပေါင်း ၂၂၃၉၅၀ဧက၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းနှင့် နေကြာစုစုပေါင်း ၁၈၄၀၄၂ ဧက၊ ဝါသီးနှံ ၄၅၄၃၀ဧက၊ စားဖိုဆောင်သီးနှံ ၁၄၅၂ဧက၊ အခြားသီးနှံ ၂၇၅၀၄၆ဧကဖြစ်ကြောင်း သိရသည်။

## လျှော်ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေပွဲအဖြစ် ဆယ့်နှစ်ပွဲဈေးသည်များ၏ စုပေါင်းဈေးရောင်းပွဲတော် ၁၂ရက်ကြာကျင်းပမည်

**ပခုက္ကူ ဇွန် ၈**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၌ ငလျင်ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေပွဲအဖြစ် ဆယ့်နှစ်ပွဲဈေးသည်များ၏ စုပေါင်းဈေးရောင်းပွဲတော်ကို အမှတ်(၁၄)ရပ်ကွက်ရှိ သီဟိုဠ်ရှင်ဘုရားပွဲတော်ကျင်းပရာနေရာများ၌ ဇွန် ၇ရက်မှ ၁၈ရက်အထိ ၁၂ ရက်ကြာ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

စုပေါင်းဈေးရောင်းပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းက ဈေးသည်များ၊ ဒေသခံဈေးသည်များ စုပေါင်းရောင်းချခြင်းဖြစ်ပြီး ပွဲတော်အတွင်း ခေတ်ပေါ်အဝတ်အထည်ဒီဇိုင်းအရောင်းဆိုင်များ၊ ချက်ပြုတ်ရေးသုံးပစ္စည်းအရောင်းဆိုင်များ၊ အညာဒေသထွက် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ တောင်သူလယ်သမားသုံးပစ္စည်းအရောင်းဆိုင်များ၊ ကလေးကစားစရာပစ္စည်းအရောင်းဆိုင်များ၊ မုန့်ဆိုင်တန်းများ၊ အပျော်ဆော့ကစားနိုင်သည့်နေရာများအပြင် ကလေးကစားကွင်းများပါဝင်ကြောင်း၊ ဒေသခံပြည်သူများနှင့် ရပ်နီးရပ်ဝေးမှပြည်သူများအနေဖြင့် လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းချိုသာစွာ ဝယ်ယူရရှိနိုင်ရေး၊ ကလေးငယ်များနှင့် မိဘများပျော်ရွှင်စွာဖြတ်သန်းနိုင်စေရေး ရည်ရွယ်ကျင်းပပေးခြင်းဖြစ်ပြီး ပွဲတော်ကာလအတွင်း ဝယ်ယူအားပေးမှုတစ်ဆင့် ရရှိလာသည့် ရန်ပုံငွေများကို ငလျင်ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အသုံးပြုသွားမည်ဖြစ်သည်။

ယခုဈေးရောင်းပွဲတော် ကျင်းပသည့်နေရာတွင် အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ပခုက္ကူမြို့၊ သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး၏ နယုန်လ ဗုဒ္ဓပူဇနိယဈေးရောင်းပွဲတော်ကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

(၃၄၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စိုက်ပျိုးရေးလုပ်ငန်းများနှင့် သီးထပ်စွမ်းအားမြှင့်တင်ရေး၌ စိုက်ပျိုးရေရရှိရေးသည် အရေးကြီးသဖြင့် ရေရှိရရေးနည်းလမ်း ၄ ခုဖြစ်သည့် မိုးကောင်းသောက်ရေ၊ ဆည်ရေ၊ မြစ်ချောင်းရေ၊ မြေအောက်ရေစသည်တို့ကို ဒေသအလိုက် ပေါင်းစပ်အသုံးပြုရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ပြုလုပ်သော ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# မြန်မာ-တရုတ်သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ညစာစားပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၈

မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်၌ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျား၊ ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများ၊ သံတမန်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။




ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တရုတ်သံအမတ်ကြီး မစ္စမာကျားတို့ မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုကိတ်ကို လှီးဖြတ်ပေးကြစဉ်။

### ဂုဏ်ပြုစကားပြောကြား

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်ဂုဏ်ပြုစကားပြောကြားရာ မြန်မာ - တရုတ် နှစ်နိုင်ငံအကြား ခိုင်မာမြဲမြံသည့် သံတမန်ဆက်ဆံရေးထူထောင်မှု (၇၅) နှစ်တာ ပြည့်မြောက်ခဲ့ပြီဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နှစ်နိုင်ငံအကြား အပြန်အလှန်လေးစားမှု၊ သာတူညီမျှမှုနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူဝါဒများကို အခြေခံကာ အိမ်နီးချင်းကောင်းမိတ်ဆွေနိုင်ငံများအဖြစ် ရပ်တည်လျက်ရှိမှုကို အလေးထားပြောကြားခဲ့သည်။

### အခိုင်အမာသဘောတူညီခဲ့

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်က နှစ်နိုင်ငံဆက်ဆံရေးတွင် သိသာထင်ရှားသည့် သမိုင်းမှတ်တိုင်များဖြစ်သည့် ဘက်စုံ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးကို အဆင့်မြှင့်တင်နိုင်ခဲ့ခြင်းနှင့် အိမ်နီးချင်းနိုင်ငံများအကြား အေးအတူပူအမျှ အသိုက်အဝန်းထူထောင်ရေးကို အခိုင်အမာသဘောတူညီခဲ့မှုအား ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၊ ဝန်ကြီးချုပ် မစ္စတာလီချန်းတို့နှင့် တွေ့ဆုံမှုများ၏ ရလဒ်ကောင်းများဖြစ်သည့် သဘောတူညီချက်များကို ကြိုးပမ်းအကောင်အထည်ဖော်ရေး အတည်ပြုပြောကြားသည်။ ထို့ပြင် မန္တလေးငလျင်လှုပ်ခတ်မှုအပြီး တရုတ်နိုင်ငံမှ အချိန်နှင့်တစ်ပြေးညီ ပေးအပ်ခဲ့သည့် အရေးပေါ်ကယ်ဆယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ၊ ပြန်လည်ထူထောင်ရေး အစီအစဉ်များနှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် ပံ့ပိုးကူညီမှုများအတွက် တရုတ်အစိုးရအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင် လှုပ်ခတ်ခဲ့ပြီး တရုတ်နိုင်ငံက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ခဲ့မှုကို ကျေးဇူးတင်ရှိသည့်အနေဖြင့် မြန်မာအစိုးရမှပေးအပ်သည့် အမှတ်တရ ဂုဏ်ပြုတံဆိပ်များအား တရုတ်သံအမတ်ကြီးထံသို့ လွှဲပြောင်းပေးအပ်သည်။

### နှုတ်ခွန်းဆက်စကားပြောကြား

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားက နှုတ်ခွန်းဆက်စကား ပြန်လည်ပြောကြားရာတွင် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍစုံ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်အကောင်အထည်ဖော်မည့် ကတိကဝတ်များကို ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်သံအမတ်ကြီးတို့က မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်မှု (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုကိတ်ကို လှီးဖြတ်ပေးကြပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာ - တရုတ် ချစ်ကြည်ရေးအသင်းတို့မှ ယဉ်ကျေးမှုအကအဖွဲ့များက အကအလှများဖြင့် ဖျော်ဖြေကြသည်။

### ဂုဏ်ပြုပန်းခြင်းပေးအပ်

ဖျော်ဖြေမှုများအပြီးတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်သံအမတ်ကြီးတို့က နှစ်ဖက်အကအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

## အာရှဖလား ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ၊ အုပ်စု နောက်ဆုံးအဆင့်၊ ဒုတိယပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇွန် ၈

၂၀၂၇ ခုနှစ် အာရှဖလား ဘောလုံးပြိုင်ပွဲတွင် မြန်မာအမျိုးသားလက်ရွေးစင် ဘောလုံးအသင်းနှင့် ပါကစ္စတန်အသင်းတို့၏ ခြေစစ်ပွဲ၊ အုပ်စုနောက်ဆုံးအဆင့်၊ ဒုတိယပွဲစဉ်ကို ဇွန် ၁၀ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်ကို ယင်းနေ့ ညနေ ၄ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Parliament Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

(MRTV)